# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ - ၇၈)


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် | ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၂၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၂၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်**
**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ**
**(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ**
**ဘွဲ့တံဆိပ်တော်မြတ်အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တပညာသိရီလင်္ကာရဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ**

စာ ၃

# (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဇန်နဝါရီ ၂၇

ပညာရေးဝန်ကြီးဌာန၊ (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၇) ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# ရှိနေပြီးဖြစ်သည့်လမ်းကြောင်း ဖွင့်လှစ်ထားဆဲဖြစ်သည့်တံခါး

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်တို့ရှိ မြို့နယ်များ၊ ဒေသများတွင် အကြမ်းဖက်လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေစဉ် ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် အခြားမြို့၊ ရွာများမှာ တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းလျက် အခြေမပျက်နေထိုင်နိုင်ခဲ့ကြသည်။ နယ်မြေများမှာ ဆက်စပ်နေသည့်အလျောက် အကြမ်းဖက်တိုက်ခိုက်မှုများမှ တိမ်းရှောင်လာသည့် ယာယီနေရပ်စွန့်ခွာတိုင်းရင်းသားညီအစ်ကိုမောင်နှမများအား စာနာစိတ်ဖြင့် ကူညီစောင့်ရှောက်မှုများ ဝတ္တရားမပျက်ပြုလုပ်ပေးလျက်ရှိရာ ဆီဆိုင်၊ ပင်လောင်းစသည့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်းရှိမြို့များတွင် ကယားပြည်နယ်မှ ယာယီနေရပ်စွန့်ခွာပြည်သူများ ထောင်နှင့်ချီ၍ ခိုလှုံနေထိုင်နေကြရသည်။

တိုက်ပွဲဖြစ်ပွားရာ နယ်မြေဒေသများ၊ စစ်တလင်းဘဝသို့ ကျရောက်ရသည့် မြို့ရွာများဟူသည်မှာ အပြစ်မဲ့ပြည်သူတို့အဖို့ အသက်အိုးအိမ်စည်းစိမ်အာမခံချက်မရှိသည့်နေရာ၊ တရားဥပဒေစိုးမိုးမှုပျက်ပြားပြီး စိုးရိမ်ထိတ်လန့်မှုနှင့် အကြောက်တရားတို့ကြီးစိုးသည့်နေရာဖြစ်သည့်အလျောက် တိုက်ခိုက်မှုများ ဖြစ်ပွားလာသည့်အခါ မိမိတို့တစ်သက်တာနေထိုင်ခဲ့ကြသည့် မြို့ရွာများကို စွန့်ခွာထွက်ပြေးကြရသည်။ ယာယီနေရပ်စွန့်ခွာသူများဟုဆိုစေကာမူ ယာယီဟူသောအချိန်ကာလသည် မည်ရွေ့မည်မျှကြာမြင့်မည်ကို မည်သူမျှမသိနိုင်။ ပြီးခဲ့သည့်ဇန်နဝါရီလ ၂၀ ရက်နေ့ ညပိုင်းနှင့် ၂၁ ရက်နေ့တို့တွင် ဟိုပုံးမြို့နယ် စံဖူးကျေးရွာတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ဆိုလျှင် ကျေးရွာသားတို့ခမျာ မဖိတ်ခေါ်ဘဲ ရောက်လာသည့် ကြမ္မာဆိုးနှင့်ကြုံတွေ့ခဲ့ကြရရှာသည်။ ထို့အပြင် ယာယီနေရပ်စွန့်ခွာပြည်သူများ ထောင်နှင့်ချီ၍ ခိုလှုံနေကြရသည့် ဆီဆိုင်မြို့ဘက်တွင်လည်း တိုက်ခိုက်မှုများဖြစ်ပေါ်လျက်ရှိကြောင်း စိတ်မကောင်းဖွယ်သတင်းများကိုလည်း ကြားရသည်။ တည်ငြိမ်အေးချမ်းမှုရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့ကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်၊ စစ်တလင်းမဖြစ် ဖြစ်စေရန် ဖန်တီးနေပြီဖြစ်သည်။

ဒေသခံများအပါအဝင် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏အကျိုးစီးပွားကိုအမှန်တကယ်လိုလားသည့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့အကျိုးစီးပွား၊ မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ပြည်သူအကျိုးစီးပွားကို ဦးထိပ်ထားကြရမည်ဖြစ်သည်။ မြို့ရွာဒေသများအတွင်း လက်နက်ကိုင်တိုက်ပွဲများဖော်ဆောင်ကာ နယ်မြေကို စစ်တလင်းဖြစ်စေခြင်းဖြင့် ဒေသတွင်းနေပြည်သူများမှာ တိုက်ပွဲရှောင်နေရပ်စွန့်ခွာဘဝသို့ ရောက်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "မိမိတို့အနေဖြင့် တိုင်းပြည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များနှင့်ပတ်သက်၍ ဆောင်ရွက်ရာတွင်လည်း နိုင်ငံရေးအရ ဆွေးနွေးဆောင်ရွက်ပြီး လွှတ်တော်တွင် အတည်ပြုရန်လိုကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ဖြင့် တောင်းဆို၍ မရနိုင်ကြောင်း" ပြောကြားခဲ့ရာ နိုင်ငံရေးလိုလားချက်များကို တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဖြင့် လက်နက်ကိုင်ပဋိပက္ခအနိဋ္ဌာရုံများကို ရှောင်ရှားနိုင်ကြမည်ဖြစ်သည်။

လက်နက်ကိုင်တိုက်ပွဲများဖော်ဆောင်နေခြင်း၊ ပဋိပက္ခ ပိုမိုကြီးထွားလာအောင် ချဲ့ထွင်ခြင်းနှင့် အကြမ်းဖက်ဖျက်ဆီးမှုများ အပါအဝင် ထိပ်တိုက်ရင်ဆိုင်သည့်နည်းလမ်း၊ စစ်ရေးနည်းလမ်းတို့မှာ နိုင်ငံအတွက်၊ နိုင်ငံသူနိုင်ငံသားပြည်သူအားလုံးအတွက် လွန်စွာအန္တရာယ်ကြီးမားသည်။ ရှိနေပြီးဖြစ်သည့်လမ်းကြောင်း၊ ဖွင့်ထားဆဲဖြစ်သည့်တံခါးတို့မှာ ငြိမ်းချမ်းရေးဆီသို့ ဦးတည်ထားခြင်းဖြစ်ရာ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာသည့် နည်းလမ်းဖြင့် ဒေသအကျိုး ပြည်သူအကျိုးတို့ကို မှန်မှန်ကန်ကန် ထမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

## စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ



## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူ အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## မြန်မာ့ပဲတီစိမ်းကို လာမည့်ဖေဖော်ဝါရီ ဒုတိယပတ်တွင် ပြည်ပသို့တင်ပို့နိုင်ရန် မျှော်မှန်းထား

ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာ့ပဲတီစိမ်းကို လာမည့်ဖေဖော်ဝါရီ ဒုတိယပတ်တွင် ပြည်ပသို့တင်ပို့နိုင်မည်ဟု မျှော်မှန်းထားကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

လာမည့် ဖေဖော်ဝါရီ ဒုတိယပတ်ကာလတွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပဲတီစိမ်းစိုက်ပျိုးသည့် ဒေသစုံမှ ပဲတီစိမ်းများ ပေါ်ချိန်ဖြစ်သဖြင့် ပြည်ပသို့ ပဲတီစိမ်းတင်ပို့မှုများအတွက် နိုင်ငံတကာနှင့် စာချုပ် ချုပ်ဆိုနိုင်သော ကာလဖြစ်ကြောင်း သိရသည်။

"ပြည်ပ တင်ပို့မှုကျတော့ ခုချိန်နည်းနည်းစောနေတယ်။ သူတို့အရောင်းပိုင်းပေါ့။ အရောင်းပိုင်းဆိုတာက သီးနှံအထွက်ကိုစာချုပ်ချုပ်မှာပေါ့။ နောက်လထဲလောက်မှဖြစ်မှာ။ နိုင်ငံတကာနဲ့စာချုပ်ပြီး ရောင်းဝယ်ဖို့ ပဲတီစိမ်းထွက်လာတဲ့အချိန်မှာ ရောင်းမှာဆိုတော့ ပဲတီစိမ်းက ဒေသစုံလှိုင်လှိုင်ထွက်မယ့် ဒုတိယပတ်ပေါ့။ ဖေဖော်ဝါရီ ဒုတိယပတ်မှာက ကွင်းစုံထွက်မှာဆိုတော့ အဲဒီလိုအချိန်ကျရင် ကမ္ဘာနဲ့ အိတ်စ်ပို့ အရောင်းတွေဖွင့်ကြပြီးပေါ့။ အဲဒီအခါကျ ဈေးကွက်တွေ အကုန်မှန်သွားတာပေါ့"ဟု ပဲတီစိမ်း ဆန်နှင့် ဒေသထွက်ပစ္စည်းများ ရောင်းဝယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် GLC Myanmar မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိကာလတွင် ပဲတီစိမ်းနှင့်မတ်ပဲမှာ ဝယ်လိုအားတက်လျက်ရှိပြီး ပဲမျိုးစုံမှာလည်း ရောဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် စတင်ထွက်ရှိနေပြီဖြစ်ကြောင်း ပဲမျိုးစုံရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

"ဝယ်လိုအား တက်နေတာကတော့ ပဲတီစိမ်းနဲ့ မတ်ပဲ ပဲပြောရမယ်။ ပဲမျိုးစုံက ဝယ်လိုအားတက်တယ်ပေါ့။ ပေါ်လစီချိန်းပေမယ့် ဝယ်လိုအားရှိတယ်။ ပဲတီစိမ်းပေါ်ပြီဆိုလို့ရှိရင် နိုင်ငံခြားပိုင်းက ရှာတာတွေက ရှေ့တစ်လနှစ်လလောက်ကြိုပြီးတော့ အလုပ်လုပ်ကြတာပေါ့" ဟု အထက်ပါတာဝန်ရှိသူက ဆိုသည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က မြန်မာ့ပဲတီစိမ်းတန်ချိန် ၁၀၀၀၀ ကျော်ကို ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း သိရသည်။ **သစ်တော်**

## မလေးရှားတွင် တရားမဝင်နေထိုင်သူများကို ဖမ်းဆီးမှုများပြားနေသဖြင့် မြန်မာအလုပ်သမားများသတိထားရန်လို

ရန်ကုန် ဇန်နဝါရီ ၂၇

မလေးရှားတွင် တရားမဝင်နေထိုင်သူများကို ဖမ်းဆီးမှုများပြားနေသောကြောင့် မြန်မာအလုပ်သမားများသတိထားရန်လိုပြီး အဖမ်းအဆီးများနေချိန်တွင် အသွားအလာ၊ နယ်မြေအနေအထားဂရုစိုက်ကြရန် မလေးရှားရောက် မြန်မာလုပ်သားများကို ကူညီဆောင်ရွက်ပေးနေသည့် နလုံးလှပရဟိတလူငယ်များသွေးလှူရှင်အဖွဲ့ (ကွာလာလမ်ပူ-မလေးရှား)က အသိပေးထားသည်။ အထက်ပါအဖွဲ့ရုံးတွင် ကယ်တင်ထားရသူ ၁၁ ဦးမှာ တရားမဝင်နေထိုင်သူများကို ဖမ်းဆီးစဉ်အဖမ်းခံခဲ့ရပြီး ရုံးပတ်ဝန်းကျင်တွင်လည်း အစစ်အဆေးများနေဆဲဖြစ်သည့်အတွက် နေစရာအခက်အခဲဖြစ်နေသော အခြားမြန်မာနိုင်ငံသားများအား ကယ်တင်မှုကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်းလည်း အဆိုပါအသင်းက အသိပေးထားသည်။

"လောလောဆယ် ကျွန်တော်တို့ရုံးကလည်း ၁၁ ယောက် ပါသွားတယ်။ အဲဒီအတွက်ကြောင့် နလုံးလှပရဟိတရုံးခန်းမှာ နေစရာမရှိတဲ့သူတွေ၊ အခက်အခဲဖြစ်တဲ့သူတွေကို အခုကာလ ဒေါ်ပရာစီကာလလေးတွေမှာ လက်ခံလို့အဆင်မပြေပါဘူး"ဟု ယင်းအဖွဲ့မှ တာဝန်ရှိသူက ပြောကြားသည်။ ၎င်းတို့အဖွဲ့အနေဖြင့် နေစရာမပေးနိုင်သော်လည်း နေစရာရှိပြီး စားစရာအခက်အခဲဖြစ်နေသူများအနေဖြင့် မလေးရှားနိုင်ငံရှိ မည်သည့်နေရာတွင်မဆို အကူအညီတောင်းခံနိုင်ကြောင်းလည်း အသိပေးထားသည်။

MT

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ထံမှ (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်မြတ်အလှူခံရရှိတော်မူမည့် ဘဒ္ဒန္တပညာသိရီလင်္ကာရဆရာတော်ထံသို့ ပေးပို့ဆက်ကပ်သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်

**ဝမ်းမြောက်စွာလျှောက်ထားအပ်ပါသည်ဘုရား-**

ယခုနှစ် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ယမန်နှစ်ကုန်ပိုင်းနှင့် ယခုနှစ် နှစ်ဦးအစတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီးတွင် ကျင်းပနေကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်အနေဖြင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာပေါ်တွင် အဆင့်မြင့်ဆုံး ရက်အရှည်ဆုံးကျင်းပသည့် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် တိပိဋကဓရဘွဲ့တံဆိပ်တော်၊ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များပေါ်ထွန်းစေချင်သည့် ဆန္ဒရှိပါသည်ဘုရား။

ထို့ကြောင့်ပင် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့ ဆရာတော်ကြီးများ အပြီးသတ်ဆုံးဖြတ်၍ ထုတ်ပြန်လာမည့်အောင်စာရင်းစောင့်မျှော်နေခဲ့ရာ ဆရာတော်သည် ယခုနှစ်(၇၆)ကြိမ်မြောက် ကျင်းပသော စာမေးပွဲကြီးတွင် အဘိဓမ္မာနောက်ပိုင်းဖြစ်သော ယမကနှင့်ပဋ္ဌာနဟူသော ခက်ခဲနက်နဲလှသော ကျမ်းနှစ်ဆူ၏ ခဲရာခဲဆစ်သဘောအဓိပ္ပာယ်များကို အောင်မြင်စွာဖြေဆိုနိုင်ခဲ့သဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်၊ အရိုးဝါကနက္ကဒဏ်ထီးဖြူတော် (၃)လက်အမှတ်တံဆိပ်ပါ သာသနာ့အောင်လံတော်ကို ခံယူရရှိမည်ဖြစ်သောကြောင့် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်ကာ ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ခံစားရပါသည်ဘုရား။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အချက်အလက်များအရ ဆရာတော်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းစံပြကျေးရွာတွင် ဖွားမြင်တော်မူခဲ့ကြောင်း၊ ၁၃၄၆-ခုနှစ်တွင် မုံရွာမြို့ ပဓ္ဓောတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ကြောင်း၊ ဆရာတော်သည် သာမဏေကျော်၊ သာသနဓဇဓမ္မာစရိယ၊ ဝိနယဓရ၊ ဝိနယကောဝိဒ၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒ စသည့်ဘွဲ့တော်များ အောင်မြင်ရရှိတော်မူပြီး ဆက်လက်၍ အားထုတ်တော်မူရာ ၁၃၇၃-ခုနှစ် ကျင်းပသော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သင်္ဂိုဟ်ပိဋကတ်သုံးပုံဟုဆိုအပ်သော ဝိနည်းငါးကျမ်း၊ သုတ်သုံးကျမ်း၊ အဘိဓမ္မာခုနစ်ကျမ်းတို့ကို ခက်ခဲနက်နဲစွာ လေ့လာကျက်မှတ်၍ သတ်မှတ်အချိန် သတ်မှတ်ရက်အတွင်း သတ်မှတ်စာမျက်နှာ သတ်မှတ်ကျမ်းစာများကို အာဂုံပြန်ဆိုနိုင်ခဲ့ပြီး အဘိဓမ္မိက ဘွဲ့တံဆိပ်တော်နှင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ကြောင်း သိရှိရပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ယခုနှစ်ကျင်းပသော (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် သင်္ဂိုဟ်ပိဋကတ်တော်များ၏အဖွင့်ကျမ်းများဖြစ်သော အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ ယောဇနာ၊ ဂဏ္ဌိ၊ နိဿယများလာ ခက်ခဲနက်နဲသောသဘောအဓိပ္ပာယ်တို့ကို ဆရာတော်၏သဒ္ဓါစွမ်းအား၊ သတိစွမ်းအား၊ သမာဓိစွမ်းအား၊ ပညာစွမ်းအားတို့ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်မှဆက်ကပ်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူမည်ဖြစ်ရာ ဆရာတော်သည် ပရိယတ္တိသာသနာအတွက် တပည့်ရဟန်းသံဃာများအား စာပေပို့ချခြင်း စသော သာသနာပြုလုပ်ငန်းများ ကျန်းမာချမ်းသာစွာဖြင့် ဆောင်ရွက်တော်မူနိုင်ပါမည့်အကြောင်း ယခုကဲ့သို့ တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော် ဆွတ်ခူးရရှိတော်မူသဖြင့် (၁၆)ပါးမြောက်တိပိဋကဓရတိပိဋကကောဝိဒသာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းလာခြင်းကိုလည်း အထူးပင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ထပ်လောင်းလျှောက်ထားအပ်ပါသည် ဘုရား။

**မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော် ရရှိတော်မူသောဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ဆက်ကပ်ပေးပို့သည့်ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာဆက်ကပ်သည့်အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၇

**(၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ (၁၆)ပါး မြောက် ဘွဲ့တံဆိပ်တော်မြတ်ရရှိတော်မူသည့် ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာဆက်ကပ်သည့် အခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မင်းကွန်းတိပိဋကနိကာယကျောင်းတွင် ကျင်းပသည်။**

**ဖတ်ကြားလျှောက်ထား**

ရှေးဦးစွာအခမ်းအနားအား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ဖတ်ကြားလျှောက်ထားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တပညာသိရီလင်္ကာရအား ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဆရာတော်ထံ ဆက်ကပ်သည်။

**အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်က သမ္ဗုဒ္ဓေ ... တိယောဝိဝဇ္ဇန္တု အစရှိသော ဂါထာတော်အားရွတ်ဆိုပြီး သဝဏ်လွှာဆက်ကပ်သည့်အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒ (၁၆) ပါးမြောက် ဘွဲ့တံဆိပ်တော်မြတ်ရရှိတော်မူသည့်ဆရာတော်ထံသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ဆက်ကပ်ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာကို ဆရာတော်ထံ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဆက်ကပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၁၇)ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာဘာသာရပ်နှင့် အင်္ဂလိပ်ဘာသာရပ်တို့တွင် အကောင်းဆုံးစာတမ်းဆု ရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ မြန်မာဘာသာရပ်နှင့် အင်္ဂလိပ်ဘာသာရပ်တို့တွင် အကောင်းဆုံးစာတမ်းဆု ရရှိသူတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

◆ *ရှေ့ဖုံးမှ*

ဦးစွာ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၁၇) ကြိမ်မြောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဆုရရှိသူများဖြစ်ကြသည့် ဒေါက်တာထက်ထက်သန်းစိန်၊ ဒေါက်တာဇော်ဇော်သိန်း၊ ဒေါက်တာ အိအိဖြိုး၊ ဒေါက်တာဝင့်ဝါဝါထွန်း၊ ဒေါက်တာနန်းယဉ်ယဉ်မိုး၊ ဒေါက်တာချိုမာလွင်၊ ဒေါက်တာခင်မို့မို့နှင့် ဒေါက်တာဟိန်းလတ်တို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက မြန်မာဘာသာရပ်နှင့် အင်္ဂလိပ်ဘာသာရပ်တို့တွင် အကောင်းဆုံး စာတမ်းဆုများ ရရှိကြသည့် ဒေါက်တာမြမြဝင်း၊

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ တေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ဒေါက်တာအေးစုငြိမ်း၊ ဦးခင်အေးနှင့် ဒေါ်ကေခိုင်ငြိမ်းတို့ကိုလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာ ဘရွှေနှင့် ဦးရန်ကျော်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဝါရင့်ပညာရှင်ကြီးများနှင့် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

*စာမျက်နှာ ၅ မှ*

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဒေါက်တာညွန့်ဖေတို့က ဘာသာရပ်များအလိုက် ပထမ၊ ဒုတိယ၊ တတိယနှင့် ဂုဏ်ပြုဆုရရှိကြသည့် စာတမ်းရှင်များကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဝါရင့်ပညာရှင်ကြီးများနှင့် တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များကို ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ဆုရရှိသည့် စာတမ်းရှင်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



# တိပိဋကဓရ တိပိဋကကောဝိဒ သာသနာ့အာဇာနည် ဆရာတော် တစ်ပါး ပေါ်ထွန်းတော်မူခြင်း



**နေပြည်တော် ဇန်နဝါရီ ၂၇**

(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးကို (၂၆-၁၂-၂၀၂၃) ရက်နေ့မှ (၂၇-၁-၂၀၂၄) ရက်နေ့အထိ ၃၃ ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပဆောင်ရွက်ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အရှင်ပညာ သိရီလင်္ကာရ၊ သက်တော် ၅၉ နှစ်၊ သိက္ခာတော် ၃၉ ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ (၁၆) ပါးမြောက် သာသနာ့အာဇာနည်ဆရာတော်အဖြစ် ပေါ်ထွန်းတော်မူခဲ့ပါသည်။

**တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၁၃၁၀ ပြည့်နှစ် (၁၉၄၈ ခုနှစ်)တွင် စတင်ကျင်းပခဲ့ရာ ယခုအချိန်ထိ (၇၆)ကြိမ်မြောက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ပထမအကြိမ်မှ (၇၅) ကြိမ်အထိ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ၁၅ ပါး ပေါ်ထွန်းခဲ့ပြီး** ဖြစ်ပါသည်။ (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ **ရွေးချယ်ရေးစာမေးပွဲတွင် (၁၅) ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်ပေါ်ထွန်းခဲ့ပြီးနောက် (၄) နှစ်အကြာ ယခုနှစ် ၁၃၈၅ ခုနှစ် (၂၀၂၄)ခုနှစ် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် (၁၆)ပါးမြောက်အဖြစ် တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်တစ်ပါး ထပ်မံပေါ်ထွန်းလာခဲ့ခြင်းဖြစ်ပါသည်။**

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ဝိနယပိဋက ဝိနည်းပထမပိုင်း နှစ်ကျမ်း၊ ဝိနယပိဋက ဝိနည်းဒုတိယပိုင်းသုံးကျမ်း၊ သုတ္တန္တပိဋက ဒီဃနိကာယ်သုံးကျမ်း၊ အဘိဓမ္မ ပိဋက အဘိဓမ္မာပထမပိုင်း ငါးကျမ်းနှင့်အဘိဓမ္မပိဋကအဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းတို့ကို **"တိပိဋက ဓရ"** ဘွဲ့အတွက် အာဂုံပြန်ဆိုရပြီး **"တိပိဋက ကောဝိဒ"** ဘွဲ့အတွက် သဘောရေးဖြေစာမေးပွဲ ဖြေဆိုရကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

# တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ အရှင်ပညာသိရီလင်္ကာရ၏ ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

အရှင်ပညာသိရီလင်္ကာရသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းစံပြကျေးရွာ၊ ခမည်းတော် ဦးအောင်ငြိမ်း၊ မယ်တော် ဒေါ်မြသောင်းတို့မှ ၁၃၂၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

၁၃၄၆ ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် မုံရွာမြို့၊ ပဋ္ဌောတာရုံ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြုလျက် မန္တလေးမြို့၊ ကြည်တင်ဆေးလိပ်ခုံပိုင်ရှင် ဦးလှမြင့်+ဒေါ်လှလှ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**စာပေပရိယတ္တိသင်ကြားဆည်းပူးခြင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းစံပြကျေးရွာ၊ အောင်မြင်ဘုမ္မိကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပဂရ၊ မုံရွာမြို့ ပဋ္ဌောတာရုံကျောင်းတိုက် ဆရာတော်နှင့် စာချဘုန်းကြီးများ၊ ဆားလင်းကြီးမြို့နယ်၊ ဝါးတန်းကျေးရွာ၊ သဒ္ဓမ္မဇောတိကျောင်း ဆရာတော်ဘဒ္ဒန္တဉာဏိသရ၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ မန္တလေးမြို့တို့ရှိ ပဋ္ဌောတာရုံ ကျောင်းတိုက်ဆရာတော်များ၊ မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၊ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ (ဝဋံသကာသိရောမဏိ)၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်၏ မဟာနာယက တိပိဋကဓရဆရာတော်များထံ၌ ပရိယတ္တိစာပေများ သင်ကြားဆည်းပူးခဲ့ပါသည်။

**အောင်မြင်ခဲ့သောစာမေးပွဲများ**

အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း၊ သာသနဓဇ ဓမ္မာစရိယ(၁၃၄၅)ခုနှစ်၊ ပရိယတ္တိသာသနဟိတသာမဏေကျော်၊ ဝိနယဓရ (၁၃၅၂)ခုနှစ်၊ ဝိနယကောဝိဒ (၁၃၅၆)ခုနှစ်၊ ဝိနယဝိဒူ၊ ဒီဃဘာဏက (၁၃၅၈)ခုနှစ်၊ ဒီဃနိကာယကောဝိဒ(၁၃၅၉)ခုနှစ်၊ မူလအာဘိဓမ္မိက၊ မူလအဘိဓမ္မကောဝိဒ(၁၃၆၈)ခုနှစ်၊ (နိကာယုဋ္ဌောတက၊ ဝိနယဓရ၊ ဒီဃဘာဏက၊ နိကာယဝုဍ္ဎိ သမိတိဝိနယဓရ) တိပိဋကဓရ(၁၃၇၃) ခုနှစ်တို့ဖြစ်ကြပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

အရှင်ပညာသိရီလင်္ကာရသည် ၁၃၈၅ ခုနှစ်၊ (၇၆) ကြိမ်မြောက်၊ တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မာနောက်ပိုင်း နှစ်ကျမ်းကို သဘောရေးဖြေ အောင်မြင်တော်မူသောကြောင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်၊ ၎င်း အောင်လက်မှတ်တော်နှင့် အရိုးဝါကနက္ကဒဏ် ထီးဖြူတော်သုံးလက် တံဆိပ်ပါရှိသော သာသနာ့အောင်လံတော်တို့ကို ခံယူရရှိတော်မူမည်ဖြစ်ပါသည်။

**သတင်းစဉ်**

# (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ အောင်စာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၂၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြုလုပ်သည့် (၇၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကို ၂၀၂၃ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၄ခုနှစ် ဇန်နဝါရီ ၂၇ ရက်အထိ ကျင်းပခဲ့သည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲတွင် အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ (ပိဋကသုံးပုံရေးဖြေအောင်-၁ ပါး)၊ ဒီဃနိကာယကောဝိဒ(ပိဋကနှစ်ပုံရေးဖြေအောင်-၃ ပါး)၊ ဝိနယကောဝိဒ(ပိဋကတစ်ပုံရေးဖြေအောင်-၅ ပါး)၊ ဥဘတောဝိဘင်္ဂကောဝိဒ (ဝိနည်းပထမပိုင်းရေးဖြေအောင်-၇ ပါး)၊ မူလအာဘိဓမ္မိက(အဘိဓမ္မာပထမပိုင်း အာဂုံအောင်-၅ ပါး)၊ ဒီဃဘာဏက(ပိဋကနှစ်ပုံ အာဂုံအောင်- ၉ ပါး)၊ ဝိနယဓရ(ပိဋကတစ်ပုံ အာဂုံအောင်-၃၁ ပါး)၊ ဥဘတောဝိဘင်္ဂဓရ(ဝိနည်းပထမပိုင်း အာဂုံအောင်-၅၁ ပါး)၊ စုစုပေါင်း ၁၁၂ ပါး အောင်မြင်ခဲ့ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

**(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (အာဂုံ) စာရင်းသွင်း၊ ပြန်ဆို၊ အောင်မြင်၊ ရာခိုင်နှုန်းစာရင်းချုပ်**

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ပြန်ဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၂ | ၁ | - | - |
| ၂။ | အဘိဓမ္မာ(ပထမပိုင်း) | ၇ | ၅ | ၅ | ၁၀၀% |
| ၃။ | ဒီဃနိကာယ် | ၁၈ | ၁၃ | ၉ | ၆၉.၂၃% |
| ၄။ | ဝိနည်း(ဒုတိယပိုင်း) | ၁၂၀ | ၆၀ | ၃၁ | ၅၁.၆၇% |
| ၅။ | ဝိနည်း(ပထမပိုင်း) | ၁၃၆ | ၉၇ | ၅၁ | ၅၂.၅၈% |
| စုစုပေါင်း | | ၂၈၃ | ၁၇၆ | ၉၆ | ၅၄.၅၅% |

**(၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ (သဘောရေးဖြေ)စာရင်းသွင်း၊ ဖြေဆို၊ အောင်မြင်၊ ရာခိုင်နှုန်းစာရင်းချုပ်**

| စဉ် | ကျမ်းအမည် | စာရင်းသွင်း | ဖြေဆို | အောင်မြင် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အဘိဓမ္မာ(ဒုတိယပိုင်း) | ၆ | ၅ | ၁ | ၂၀.၀၀% |
| ၂။ | အဘိဓမ္မာ(ပထမပိုင်း) | ၁၃ | ၁၁ | - | - |
| ၃။ | ဒီဃနိကာယ် | ၃၂ | ၃၀ | ၃ | ၁၀.၀၀% |
| ၄။ | ဝိနည်း(ဒုတိယပိုင်း) | ၅၈ | ၅၃ | ၅ | ၉.၄၃% |
| ၅။ | ဝိနည်း(ပထမပိုင်း) | ၁၁၂ | ၁၀၅ | ၇ | ၆.၆၇% |
| စုစုပေါင်း | | ၂၂၁ | ၂၀၄ | ၁၆ | ၇.၈၄% |

# (၇၆) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်းသဘောရေးဖြေအောင်စာရင်း

**အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**
**အဘိဓမ္မကောဝိဒ၊ တိပိဋကဓရ တိပိဋကကောဝိဒ (၁) ပါး**

၁။ ပလ္လင်အမှတ် (၂၈၄) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၅၉)နှစ်၊ သိက္ခာ(၃၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်း သဘောရေးဖြေအောင်**
**ဒီဃနိကာယကောဝိဒ (၃) ပါး**

၁။ ပလ္လင်အမှတ် (၃၁၆) အရှင်ဝါယာမိန္ဒာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၁)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၁၈) အရှင်ပညာစာရာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကကမ္ဘောဇကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၃။ ပလ္လင်အမှတ် (၃၁၉) အရှင်အစ္စရိယ၊ အသက်(၄၀)နှစ်၊ သိက္ခာ(၂၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်း သဘောရေးဖြေအောင်**
**ဝိနယကောဝိဒ (၅) ပါး**

၁။ ပလ္လင်အမှတ် (၃၇၆) အရှင်သီလာနန္ဒာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၄)ဝါ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၈၃) အရှင်ဝိမလာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၈၅) အရှင်ပညာသာမီလင်္ကာရ၊ အသက် (၃၂)နှစ်၊ သိက္ခာ(၁၁) ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၃၈၉) အရှင်မဏ္ဍလာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၅၀၃) အရှင်ဝိညာဏဇောတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်**
**ဥဘတောဝိဘင်္ဂကောဝိဒ (၇) ပါး**

၁။ ပလ္လင်အမှတ် (၄၀၄) အရှင်ကေသဝ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၄၄၉) အရှင်ဉာဏုတ္တရာဘိဝံသ၊ အသက်(၃၄) နှစ်၊ သိက္ခာ (၁၄)ဝါ မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၄၆၀) အရှင်ထာဝရာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၄။ ပလ္လင်အမှတ် (၄၆၄) အရှင်စန္ဒာဝရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၄၆၅) အရှင်ခမ္မိက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၄၈၅) အရှင်ကုသလ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၇။ ပလ္လင်အမှတ် (၄၉၀) အရှင်သုစိတ္တာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**အာဂုံပြန်အောင်စာရင်း**

**အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်း ငါးကျမ်းအာဂုံအောင်**
**မူလအာဘိဓမ္မိက(၅)ပါး**

၁။ ပလ္လင်အမှတ် (၃) အရှင်ဇနိန္ဒ၊ အသက်(၄၇)နှစ်၊ သိက္ခာ(၂၇)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၅) အရှင်ပဏ္ဍဝါလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၆) အရှင်အာစာရာလင်္ကာရ၊ အသက်(၄၀)နှစ်၊ သိက္ခာ (၂၀)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၇) အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၈) အရှင်သောဘန၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

**သုတ္တန္တပိဋက၊ ဒီဃနိကာယ် သုံးကျမ်းအာဂုံအောင်**
**ဒီဃဘာဏက(၉)ပါး**

၁။ ပလ္လင်အမှတ် (၁၀) အရှင်သီလာနန္ဒ(မိတ္ထီလာ)၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း **(ဝိသိဋ္ဌ)**

၂။ ပလ္လင်အမှတ် (၁၂) အရှင်မင်္ဂလာစာရ၊ အသက်(၄၆)နှစ်၊ သိက္ခာ(၂၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၄) အရှင်ဝီရိယာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်မြို့(အနီးစခန်း)၊ မန္တလေးတိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၁၉) အရှင်ပါမောက္ခ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၂၂) အရှင်ကောသလ္လ၊အသက်(၃၄)နှစ်၊သိက္ခာ(၁၃)ဝါတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၂၃) အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၇။ ပလ္လင်အမှတ် (၂၄) အရှင်နန္ဒိမာလင်္ကာရ၊ အသက်(၃၉)နှစ်၊ သိက္ခာ(၁၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(ဝိသိဋ္ဌ)**

၈။ ပလ္လင်အမှတ် (၂၅) အရှင်ဝိဇ္ဇာနန္ဒာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၇)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၂၇) အရှင်ပညာသာရာလင်္ကာရ(စက)၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းအာဂုံအောင်**
**ဝိနယဓရ(၃၁)ပါး**

၁။ ပလ္လင်အမှတ် (၂၈) အရှင်သောဘနာလင်္ကာရ၊ အသက်(၃၈)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ပြင်ဦးလွင်(အနီးစခန်း)၊ မန္တလေးတိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၃၃) အရှင်သိရီဉာဏာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၃၄) အရှင်ဝိညာဏဇောတ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄။ ပလ္လင်အမှတ် (၃၅) အရှင်တေဇနိယ(ကျောက်တန်း)၊အသက်(၃၁)နှစ်၊သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၃၆) အရှင်ဥတ္တမာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ ပိဋကသုံးပုံနိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၃၉) အရှင်သုမန၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ ဓမ္မအလင်္ကာကျောင်းတိုက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်

၇။ ပလ္လင်အမှတ် (၄၀) အရှင်ယသ၊ အသက်(၃၇)နှစ်၊ သိက္ခာ(၁၇)ဝါ မြတောင်တိုက်၊ ယောကျောင်း မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၈။ ပလ္လင်အမှတ် (၄၂) အရှင်ဥတ္တမသာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၄၇) အရှင်သောဘိတာလင်္ကာရ(ဝက်လက်)၊ အသက်(၃၂)နှစ် သိက္ခာ(၁၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၄၉) အရှင်တိဿဇေဉ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၅၁) အရှင်နန္ဒောဘာသ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ သာသနာ့လင်းရောင်ကြည်ကျောင်းတိုက် ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၅၂) အရှင်သုမင်္ဂလ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ သီတဂူဓမ္မဝိဟာရစာသင်တိုက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၅၃) အရှင်ပညာလောကာလင်္ကာရ၊အသက်(၃၁)နှစ်၊သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၅၄) အရှင်ဥတ္တမာနန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၈)ဝါ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၅၅) အရှင်ကေသဝ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၆၆) အရှင်သူရဓမ္မာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၁၇။ ပလ္လင်အမှတ် (၇၀) အရှင်ကေသရ(ရမည်းသင်း)၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၇၁) အရှင်ဉာဏိက၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၇၅) အရှင်စန္ဒောဘာသ(ရွှေဘို)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၀။ ပလ္လင်အမှတ် (၉၆) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး **(ဝိသိဋ္ဌ)**

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၂၁။ ပလ္လင်အမှတ် (၉၈) အရှင်ပညာဝရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၂။ ပလ္လင်အမှတ် (၁၀၈) အရှင်ကုသလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာသစ္စာအောင်မြေ ကျောင်းတိုက်ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၁၁၁) အရှင်သုမန၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက် မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၁၁၂) အရှင်ဝရသာမိ၊အသက်(၃၄)နှစ်၊သိက္ခာ(၁၄)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၁၁၃) အရှင်သဒ္ဓန၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၁၂၁) အရှင်ပညာသိရီလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ် (၁၂၃) အရှင်စန္ဒိမာဇောတိ၊ အသက်(၃၈)နှစ်၊ သိက္ခာ (၁၈)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၈။ ပလ္လင်အမှတ် (၁၂၅) အရှင်ဉာဏိဿရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကနိကာယကျောင်း တိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၁၂၉) အရှင်ဝါသဝ(ဆင်ပေါင်ဝဲ)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၀။ ပလ္လင်အမှတ် (၁၃၁) အရှင်စန္ဒာသိရီ(မကွေး)၊အသက်(၃၂)နှစ်၊သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်း တိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၁၃၄) အရှင်ကေလာသ၊အသက်(၃၁)နှစ်၊သိက္ခာ(၁၁)ဝါတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

**ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းအာဂုံအောင်**
**ဥဘတောဝိဘင်္ဂရ(၅၁)ပါး**

၁။ ပလ္လင်အမှတ် (၁၄၉) အရှင်သိက္ခိတ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ ပလ္လင်အမှတ် (၁၅၀) အရှင်စာရိန္ဒ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃။ ပလ္လင်အမှတ် (၁၅၂) အရှင်စန္ဒသိရီ(မလှိုင်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၄။ ပလ္လင်အမှတ် (၁၅၃) အရှင်ပညာဓဇ၊အသက်(၃၃)နှစ်၊သိက္ခာ(၁၃)ဝါတိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၅။ ပလ္လင်အမှတ် (၁၅၆) အရှင်ဝိမလ(မိတ္ထီလာ)၊အသက်(၃၂)နှစ်၊သိက္ခာ(၁၂)ဝါတိပိဋကနိကာယကျောင်း တိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၆။ ပလ္လင်အမှတ် (၁၅၈) အရှင်သီလာနန္ဒာလင်္ကာရ၊အသက်(၃၂)နှစ်၊သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး **(အထူးအောင်)**

၇။ ပလ္လင်အမှတ် (၁၅၉) အရှင်တေဇ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ ရွာငံမြို့ ရှမ်းပြည်နယ်တောင်ပိုင်း

၈။ ပလ္လင်အမှတ် (၁၆၀) အရှင်ပညိန္ဒ(မြို့သစ်)၊အသက်(၃၃)နှစ်၊သိက္ခာ(၁၀)ဝါတိပိဋကနိကာယကျောင်း တိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၉။ ပလ္လင်အမှတ် (၁၆၁) အရှင်ဣန္ဒကာလင်္ကာရ(ဟိုပုံး)၊အသက်(၃၀)နှစ်၊သိက္ခာ(၁၀)ဝါတိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၀။ ပလ္လင်အမှတ် (၁၆၃) အရှင်သောပါက၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၁။ ပလ္လင်အမှတ် (၁၆၄) အရှင်သုဇာတ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၂။ ပလ္လင်အမှတ် (၁၆၅) အရှင်ပညာသာမီလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၃။ ပလ္လင်အမှတ် (၁၆၆) အရှင်ခန္တီစာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၄။ ပလ္လင်အမှတ် (၁၇၄) အရှင်ကုသလ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ အောင်ခဲ့စဉ်ရိပ်သာကျောင်းတိုက် ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး

၁၅။ ပလ္လင်အမှတ် (၁၇၆) အရှင်ဇောတိပါလ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၆။ ပလ္လင်အမှတ် (၁၇၈) အရှင်အာလောက၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ အလယ်တိုက်ကျောင်း၊ မြတောင်တိုက် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၁၇။ ပလ္လင်အမှတ် (၁၇၉) အရှင်နန္ဒိယာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၀)ဝါ မုံတောဘုရားငါးဆူ ကျောင်းတိုက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်းဒေသကြီး

၁၈။ ပလ္လင်အမှတ် (၁၈၂) အရှင်ဉာဏောဘာသာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကမဟာ ဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁၉။ ပလ္လင်အမှတ် (၁၈၆) အရှင်ဣန္ဒေဘာသ၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကနိကာယကျောင်း တိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၀။ ပလ္လင်အမှတ် (၁၈၇) အရှင်ဇောတိပါလ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကနိကာယကျောင်း တိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၂၁။ ပလ္လင်အမှတ် (၁၉၇) အရှင်သိရိန္ဒ(ရေဦး)၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကနိကာယကျောင်း တိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၂။ ပလ္လင်အမှတ် (၂၀၁) အရှင်ကဝိနန္ဒ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၂၃။ ပလ္လင်အမှတ် (၂၀၂) ရှင်သောဘနာလင်္ကာရ၊ အသက်(၁၉)နှစ် ချမ်းမြေ့ဗေယျာသာမဏေကျော် စာသင်တိုက် ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး

၂၄။ ပလ္လင်အမှတ် (၂၀၆) အရှင်ဝိနယာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ တိပိဋကမဟာဂန္ဓာရုံ ကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၅။ ပလ္လင်အမှတ် (၂၀၈) အရှင်အာလောက၊အသက်(၂၇)နှစ်၊သိက္ခာ(၆)ဝါဥယျာဉ်ပရိယတ္တိကျောင်းတိုက်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

၂၆။ ပလ္လင်အမှတ် (၂၁၂) အရှင်ဝိသာရဒါလင်္ကာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာ ဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီး

၂၇။ ပလ္လင်အမှတ် (၂၁၅) အရှင်ဉာဏိက၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၈။ ပလ္လင်အမှတ် (၂၂၀) အရှင်သီလာစာရ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂၉။ ပလ္လင်အမှတ် (၂၂၁) အရှင်ဝိဇာတာလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး **(အထူးအောင်)**

၃၀။ ပလ္လင်အမှတ် (၂၂၅) အရှင်ဝိနယ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၁။ ပလ္လင်အမှတ် (၂၂၉) အရှင်ဇဝန၊ အသက်(၃၂)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၂။ ပလ္လင်အမှတ် (၂၃၁) အရှင်နန္ဒဝံသ(တန့်ဆည်)၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၃၃။ ပလ္လင်အမှတ် (၂၃၄) အရှင်ဝိဇ္ဇောဒယာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ ရွာငံမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း

၃၄။ ပလ္လင်အမှတ် (၂၄၁) အရှင်သုနန္ဒရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၃၅။ ပလ္လင်အမှတ် (၂၄၇) အရှင်နန္ဒကသာရ၊ အသက်(၃၆)နှစ်၊ သိက္ခာ(၁၄)ဝါ တိပိဋကစုဆန်းလီကျောင်း တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၆။ ပလ္လင်အမှတ် (၂၄၈) အရှင်ဉာဏမဉ္ဇူ၊အသက်(၂၄)နှစ်၊သိက္ခာ(၄)ဝါ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၇။ ပလ္လင်အမှတ် (၂၄၉) အရှင်ဣန္ဒက၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကစုဆန်းလီကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၈။ ပလ္လင်အမှတ် (၂၅၁) အရှင်စန္ဒဇောတျာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၇)ဝါ တိပိဋကစိန်ရွှေဖူး ကျောင်းတိုက် မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃၉။ ပလ္လင်အမှတ် (၂၅၂) အရှင်ကုမာရာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ(၄)ဝါ မြစကြာစာသင်တိုက် စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး **(အထူးအောင်)**

၄၀။ ပလ္လင်အမှတ် (၂၅၃) အရှင်သီဟဉာဏ(မအူပင်)၊အသက်(၃၀)နှစ်၊သိက္ခာ(၁၁)ဝါတိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၁။ ပလ္လင်အမှတ် (၂၅၇) အရှင်ဇောတိသာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၁၀)ဝါ မဟာသီဝံသာမဏေကျော် စာသင်တိုက် ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

၄၂။ ပလ္လင်အမှတ် (၂၅၉) အရှင်ဝိဇယ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၃။ ပလ္လင်အမှတ် (၂၆၁) အရှင်စန္ဒိမာ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၄။ ပလ္လင်အမှတ် (၂၆၂) အရှင်အာဒိစ္စ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၅။ ပလ္လင်အမှတ် (၂၆၃) အရှင်စန္ဒာဝရာလင်္ကာရ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၆။ ပလ္လင်အမှတ် (၂၆၄) အရှင်ပညာဇောတ၊ အသက်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါ တိပိဋကမဟာဂန္ဓဝင် နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၄၇။ ပလ္လင်အမှတ် (၂၆၅) အရှင်စန္ဒာသိရီ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**(အထူးအောင်)**

၄၈။ ပလ္လင်အမှတ် (၂၆၈) အရှင်ဇနကာလင်္ကာရ၊ အသက်(၃၄)နှစ်၊ သိက္ခာ(၁၃)ဝါ တိပိဋကဓမ္မပါလ ကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

၄၉။ ပလ္လင်အမှတ် (၂၆၉) အရှင်ကုဏ္ဍလ၊ အသက်(၃၃)နှစ်၊ သိက္ခာ(၁၂)ဝါ တိပိဋကဓမ္မပါလကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**(အထူးအောင်)**

၅၀။ ပလ္လင်အမှတ် (၂၇၀) အရှင်ခေမိန္ဒာလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကဓမ္မပါလ ကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး**(အထူးအောင်)**

၅၁။ ပလ္လင်အမှတ် (၂၇၉) အရှင်ကာရုည၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ် ကျောင်းတိုက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် စံဖူးကျေးရွာမီးဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စံဖူးဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် ဦးဣန္ဒကကို ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စံဖူးကျေးရွာမှ မီးဘေးသင့်ပြည်သူများသို့ ထောက်ပံ့ငွေပေးအပ်ပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က စံဖူးကျေးရွာရှိ မီးဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး စံဖူးကျေးရွာမှ မီးဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်ရာ စံဖူးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံတို့က လက်ခံရယူကြသည်။(ယာပုံ)

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ငွေကျပ်သိန်း ၃၀၀ ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများက ပေးအပ်ရာ စံဖူးကျေးရွာကိုယ်စားလှယ် နှစ်ဦးက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် စံဖူးကျေးရွာမှ မီးဘေးသင့်ပြည်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**



# (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံ တတိယနေ့ သုတေသနစာတမ်းဖတ်ပွဲများဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပညာရေးဝန်ကြီးဌာန (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကို ပညာရေးဝန်ကြီးဌာနက အမျိုးသားအဆင့်အဖြစ် Naypyitaw State Academy ၌ ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက် အထိ ကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာဘာသာရပ်အလိုက်သတ်မှတ်ထားသည့် အခန်းများ၌ သုတေသနစာတမ်းရှင်များက ဝိဇ္ဇာနှင့်သိပ္ပံသုတေသနစာတမ်းများကို ဖတ်ကြားကြပြီးတက္ကသိုလ်အသီးသီးက သုတေသနပိုစတာများနှင့်ပြကွက်များကို ခင်းကျင်းပြသလျက်ရှိသည်။



အဆိုပါ သုတေသနစာတမ်းဖတ်ကြားနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ယနေ့ ကျင်းပလျက်ရှိသည့် ဝိဇ္ဇာနှင့်သိပ္ပံသုတေသန ညီလာခံတွင် ပညာရေးဝန်ကြီးဌာနရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များနှင့် အခြားဝန်ကြီးဌာန ခြောက်ခုမှ ပညာရေးဝန်ကြီးဌာနတွင် ပါရဂူကျမ်းလာရောက်ပြုစုနေသူ သုတေသီများက ယနေ့နံနက်ပိုင်းတွင် အင်္ဂလိပ်စာသုတေသန စာတမ်း ခုနစ်စောင်၊ ဘာသာစကားသုတေသန စာတမ်း တစ်စောင်၊ ဓာတုဗေဒသုတေသနစာတမ်း ငါးစောင်၊ ရူပဗေဒသုတေသန စာတမ်း ငါးစောင်၊ သင်္ချာသုတေသန စာတမ်း လေးစောင်၊ ကွန်ပျူတာသိပ္ပံသုတေသနစာတမ်း သုံးစောင်၊ အဏ္ဏဝါသိပ္ပံသုတေသန စာတမ်း သုံးစောင်၊ သဘာဝပတ်ဝန်းကျင်သုတေသနစာတမ်း သုံးစောင်၊ ရှေးဟောင်းသုတေသနစာတမ်း လေးစောင်၊မနုဿဗေဒသုတေသနစာတမ်းသုံးစောင်၊ နိုင်ငံတကာသုတေသနစာတမ်း ငါးစောင်၊ အရှေ့တိုင်း သုတေသနစာတမ်း သုံးစောင်၊ ကုန်ထုတ်ဓာတုသုတေသန စာတမ်းလေးစောင်၊ ခရီးသွား သုတေသနစာတမ်းသုံးစောင်၊ စာကြည့်သုတ သုတေသနစာတမ်း နှစ်စောင်၊ သမိုင်းသုတေသနစာတမ်း ခုနစ်စောင်တို့ကို စာတမ်းရှင်က ဖတ်ကြားခဲ့ကြပြီး ယနေ့တွင် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနစာတမ်း စုစုပေါင်း ၆၁ စောင် ဖတ်ကြားဆွေးနွေးကြရာ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာတမ်းရှင်များ၊ ပါမောက္ခများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# တပ်မတော်တွင် ပဉ္စမအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အသည်းအစားထိုးလူနာ နှစ်ဦးဖြင့် အောင်မြင်စွာ ခွဲစိတ်ကုသဆောင်ရွက်နိုင်ခဲ့ပြီး အသည်းအစားထိုးခွဲစိတ်ကုသမှု အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း အသည်းအစားထိုး ခွဲစိတ်ကုသမှု သုံးကြိမ်၊ လူနာ ကိုးဦးတို့ကို အောင်မြင်စွာ ထပ်မံခွဲစိတ်ကုသဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုအခါ ပဉ္စမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုအား လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုးခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ



အမှတ်(၁)တပ်မတော် ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာ ဒုတိယဗိုလ်မှူးကြီး ဉာဏ်မြင့်အောင်(ငြိမ်း)၏ ဇနီး ဒေါ်အေးသီတာနှင့် တူဖြစ်သူ အသည်းအလှူရှင် ကိုသက်ကိုဦးတို့ကို ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၄ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။

အသည်းအလှူ ရှင်လူနာနှင့် အသည်းလက်ခံ လူနာများ၏ ခွဲစိတ်ပြီး နောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူအရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး ဇန်နဝါရီ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)ရှိ သင်တန်းသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး မိတ်ဆက်ဟောပြော

**မကွေး ဇန်နဝါရီ ၂၇**

သမဝါယမနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနသမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မကွေး)ရှိ ဒုတိယနှစ် သင်တန်းသားများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး မိတ်ဆက်ဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက်က အဆိုပါသင်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နိုင်က သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)အနေဖြင့် ဒုတိယနှစ်သင်တန်းသား ၇၃ ဦးတွင် သမဝါယမကောလိပ်သို့ ပေါင်းကူးတက်ရောက်နိုင်မည့်ဦးရေမှာ ၂၅ ဦး ခန့်မှန်းထားပြီး ကျန်သင်တန်းဆင်း လက်မှတ်ရသင်တန်းသား ၄၈ ဦးအနက် ၁၈ ဦးကို ကုမ္ပဏီနှင့် သမဝါယမအသင်းများတွင် အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်မိုးသီတာစိုးက အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန္ဒာထွန်းက သင်ကြားတက်ရောက်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သမဝါယမအသင်းများက အလုပ်အကိုင် ရရှိရေး ဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**

**တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသားသွေးချင်းများ တွဲထားလက်များ ခိုင်စေသား**





ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်လှူဒါန်းစဉ်။

ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီ ကောလိပ်များမှ ကျောင်းအုပ်ကြီးများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၂၇**
ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့်သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြပြီး ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်း ပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ဆက်လက်၍ ဘုရားဖူးလာအဖွဲ့များသည် ဘုရားကြီးဘက်စုံ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူက ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာ အခမ်းအနားများတွင် အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ဘုရားရှင် ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော် ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းတင်ဓာတ်ပုံများနှင့်အခြားလေ့လာသင့်သည်များကို လှည့်လည် ကြည့်ရှုကြသည်။

ဆက်လက်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း အံ့မခန်းဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိက အဆောက်အဦများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင် လူ ဘုရားဖူးပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်းသိရသည်။**သတင်းစဉ်**

# ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကဲ့သို့ ဗုဒ္ဓသာသနာသည်လည်း အစွန့်ရှည်တည်တံ့ခိုင်မြဲမယ်လို့ ယုံကြည်ပါတယ်

ဒေါက်တာဘဟန်
(ပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်)

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယနေ့တွင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် ပဲခူးတိုင်းဒေသကြီးမှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ လာရောက်ဖူးမြော်ကြည်ညိုကြသည်။

အဆိုပါ ဘုရားဖူးအဖွဲ့များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီများနှင့် သာသနိက အဆောက်အဦများကို လှည့်လည် ဖူးမြော် ကြည်ညိုလေ့လာကြပြီး ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်းဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အဦများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသားတင်ပြလိုက်ရပါသည်။



ဒေါက်တာဘဟန်



ဒေါက်တာဝင်းဝင်းသန်း



ဒေါက်တာမြတ်ညွန့်



ဦးလှကျော်



ဒေါ်သန်းသန်းမော်

**ဒေါက်တာဘဟန် (ပါမောက္ခချုပ်၊ မိတ္ထီလာတက္ကသိုလ်)**

ကျွန်တော်တို့ အနေနဲ့ Naypyitaw State Academy မှာ ကျင်းပတဲ့ (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံကို တက်ရောက်ကြပြီး ဒီနေ့မှာ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ကြခြင်းဖြစ်ပါတယ်။ ဒီဘုရားကြီးကို အရင်ကတည်းက ဖူးမြော်ဖို့ ရည်မှန်းထားခဲ့ပါတယ်။ အခုမျက်မြင်ဖူးမြော်ရတဲ့အတွက် လွန်စွာကို ကြည်နူးပီတိဖြစ်မိပါတယ်။ ဒီဘုရားကြီးဟာ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးလည်း ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဗုဒ္ဓသာသနာတော်ဟာ အစွန့်ရှည်တည်တံ့ခိုင်မြဲမယ်လို့လည်း ယုံကြည်မိပါတယ်။ ဘုရားကြီး တည်ထားပူဇော်ထားတဲ့ ဗိသုကာလက်ရာတွေဟာလည်း အင်မတန်သပ်ရပ်ပြီး စနစ်တကျနဲ့ ထုဆစ်ထားတာကို တွေ့ရှိရတဲ့အတွက်လည်း မြန်မာ့အနုပညာလက်ရာကို အထင်ကြီးလေးစားမိပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံတစ်ဝန်းမှာ ရှိတဲ့ ပြည်သူတွေအနေနဲ့လည်း ဒီဘုရားကြီးကို လာရောက်ဖူးမြော်ကြစေလိုပါတယ်။

**ဒေါက်တာဝင်းဝင်းသန်း (ပါမောက္ခချုပ်၊ မြိတ်တက္ကသိုလ်)**

ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကို တက်ရောက်လာခဲ့ကြတဲ့ ပါမောက္ခချုပ်တွေစုစည်းပြီး ဘုရားကြီးကို လာရောက်ဖူးမြော်ကြခြင်း ဖြစ်ပါတယ်။ စကျင်ကျောက်နဲ့ ပတ်သက်တဲ့ ထိုင်တော်မူရုပ်ပွားတော်တွေအနက် ကမ္ဘာပေါ်မှာ အကြီးဆုံး ဆင်းတုတော်ကြီးကို ဖူးမြော်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အနုပညာလက်ရာမှာလည်း စံထားလောက်ပြီး ကြီးမားလေးလံတဲ့ ဆင်းတုတော်ကြီးကို ဒီနေရာအထိ ရောက်ရှိအောင် ပင့်ဆောင်ပူဇော်နိုင်တဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ကျွန်မအနေနဲ့ ဒီဘုရားကြီး စတင်ဖူးမြော်ခွင့်ပြုတဲ့ အချိန်ကလည်း

*စာမျက်နှာ ၁၂ သို့*

❒ *ကျောဖုံးမှ*

၃။ PNLO အဖွဲ့အနေဖြင့် ပြည်သူလူထုအကျိုးကို လက်တွေ့ကျကျ မျှော်တွေးသုံးသပ်ပြီး နိုင်ငံရေးလိုလားချက်များကို တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာခြင်းဖြင့် NCA ကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးအထောက်အကူပြု ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်အစိုးရနှင့်အတူ ဆက်လက်လက်တွဲဖော်ဆောင်ပါရန် ငြိမ်းချမ်းရေးရည်သန်စိတ်ဖြင့် အလေးအနက်ထား တိုက်တွန်းပါသည်။

၄။ နိုင်ငံတော်အစိုးရသည် တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းဖြင့် အဖြေရှာရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ဖိတ်ခေါ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၁၀)ဖွဲ့နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးခဲ့ပြီး ကောင်းမွန်သောရလဒ်များနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဘုံသဘောတူညီချက်များ ရရှိခဲ့သည့်အပြင် ယခုအချိန်ထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် တွေ့ဆုံဆွေးနွေးရန် လမ်းဖွင့်ထားဆဲဖြစ်ပါသည်။

၅။ ထိပ်တိုက်ရင်ဆိုင်သည့် နည်းလမ်းကို ရှောင်ဖယ်၍ မိမိတို့၏ သဘောထားဆန္ဒ၊ လိုလားချက်များကို ငြိမ်းချမ်းရေးစားပွဲဝိုင်း၌ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခြင်းသည်သာလျှင် လမ်းကြောင်းမှန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု**
**ညှိနှိုင်းရေးကော်မတီ**

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ရာပြည့်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ ရာပြည့်နှစ် မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် စိုက်ပျိုးရေးတက္ကသိုလ်၏ နှစ်တစ်ရာပြည့်ကာလတွင် ပညာသင်ယူဆည်းပူးခွင့်ရကြသဖြင့် ဂုဏ်ပြုဝမ်းမြောက်ပါကြောင်း၊ နိုင်ငံ၏စားရေရိက္ခာဖူလုံပိုလျှံရေးအတွက် အဆင့်မြင့် စိုက်ပျိုးရေးသိပ္ပံ ပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည့် တက္ကသိုလ်အနေဖြင့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာများကို ဘာသာရပ်အလိုက် စာတွေ့၊ လက်တွေ့ အချိုးညီညီ သင်ကြားပို့ချပေးလျက်ရှိရာတွင် မောင်တို့မယ်တို့အနေဖြင့် မိမိတို့ သင်ယူကြရမည့် ပညာရပ်များနှင့်အတူ ပေါင်းသင်းဆက်ဆံမှု၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေး လူမှုရေးကဏ္ဍများတွင် မိမိကိုယ်ကို စနစ်တကျထိန်းသိမ်းပြုမူနေထိုင်တတ်စေရေးကိုပါ တစ်ပါတည်း လေ့ကျင့်ဖြည့်ဆည်းသွားကြရန်လိုကြောင်း၊ ပညာသင်ယူခြင်းကာလ ပြီးမြောက်၍ လုပ်ငန်းခွင်ဝင်ရောက်ရာတွင် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးဝန်ထမ်းများ၊ လက်တွေ့အသုံးချဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းပညာရှင်များအဖြစ် ကျရာအခန်းကဏ္ဍများမှနေ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်အောင်မြင်စွာ ဖော်ဆောင်ပေးနိုင်ကြစေရန်ရည်သန်၍ ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မောင်မယ်သစ်လွင် ကိုယ်စားပြု ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများသည် ကျောင်းသား ကျောင်းသူများနှင့်အတူ နံနက်စာသုံးဆောင်ကြသည်။**(ယာပုံ)** နံနက်စာသုံးဆောင်နေစဉ်နောက်ဆုံးနှစ်နှင့်စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများက "စိမ်းလန်းစေသော်တို့ကျောင်းတော်" သီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

၁၉၂၄ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် မန္တလေးမြို့၌ စိုက်ပျိုးရေးပညာကို တက္ကသိုလ်အဆင့်ဖြင့်စတင်ဖွင့်လှစ်သင်ကြားခဲ့ရာ နှစ်တစ်ရာပြည့်ဖြစ်သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် သစ်လွင်မောင်မယ် ၂၁၁ ဦးတို့က ပထမနှစ်ပညာသင်ယူကြမည်ဖြစ်ပြီး စိုက်ပျိုးရေးတက္ကသိုလ်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်စဉ်စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ ယနေ့အထိ နှစ်တစ်ရာကာလအတွင်း စိုက်ပျိုးရေးသိပ္ပံဘွဲ့ (B.Agr.Sc.) ၁၂၉၈၃ ဦး၊ ဘွဲ့လွန်ဒီပလိုမာ (Postgrad. Dip.Ag.Sc.) ၆၅ ဦး၊ မဟာဒသနဘွဲ့ (M.Phil.) ၁၀ ဦး၊ မဟာသိပ္ပံဘွဲ့ (M.Agr.Sc.) ၆၆၈ ဦး၊ သုတေသနအခြေပြုပါရဂူဘွဲ့ (Ph.D. by Research) ခြောက်ဦး၊ ပါရဂူဘွဲ့ (Ph.D.) ၇၇ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် ဘက်စုံသုံးခန်းမပန္နက်တော်တင် အခမ်းအနားသို့ တက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် သတ်မှတ်နေရာများ၌ မင်္ဂလာပန္နက်တင်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တည်ထောင်ဖွင့်လှစ်သည့် နှစ်(၂၀)ပြည့် အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး မျှော်မှန်းချက်ကို လက်တွေ့ဖော်ဆောင်ပေးနိုင်ရန်၊ လယ်ယာကဏ္ဍတွင် ကြုံတွေ့နေကြရသည့် လိုအပ်ချက်များ၊ အခက်အခဲများကို ဖော်ထုတ်ဖြေရှင်းပေးပြီး တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်တို့အတွက် သုတေသနပညာရပ်များဖြင့် စွမ်းဆောင်ပေးရန် ဆွေးနွေးပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သုတေသနထူးချွန်ဆုများနှင့် ထူးချွန်ဝန်ထမ်းဆုများကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြရာ သက်ဆိုင်ရာဆုရပညာရှင်များ၊ ဝန်ထမ်းများက လက်ခံရယူကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်တို့သည် ပေါင်းလောင်းရေလှောင်တမံ၏ ရေပိုလွှဲတွင် ဟိုက်ဒရောလစ်စနစ်ယာယီရေထိန်းတံခါး Hydraulic Elevator Dam – HED တပ်ဆင်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့သည် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနပညာရှင်များက ပေါင်းလောင်းချောင်းအတွင်း ရေစီးဆင်းမှုအခြေအနေနှင့် ရေထုထည်တိုင်းတာစစ်ဆေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

ဖူးမြော် ဖူးပါတယ်။ အခုကတော့ ဒုတိယအကြိမ်အဖြစ် ပါမောက္ခချုပ်တွေ စုစည်းပြီး လာရောက်ဖူးမြော်ကြခြင်း ဖြစ်ပါတယ်။ ဘုရားကြီး ရေရှည်တည်တံ့ခိုင်မြဲဖို့ ဆောင်ရွက်ထားတဲ့အပိုင်းကိုလည်း တာဝန်ရှိသူတွေက အသေးစိတ် ရှင်းပြကြတဲ့အတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ ဗုဒ္ဓဘာသာဝင်တွေ အားလုံးက ဒီဘုရားကြီး တည်ထားပူဇော်တဲ့သတင်းကြား ကတည်းက လာရောက်ဖူးမြော်ကြဖို့ စိတ်အားထက်သန်နေကြပါတယ်။ အခုဆိုရင် အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ ဂုဏ်ယူစွာနဲ့ လာရောက် ဖူးမြော်နေကြတာကို တွေ့မြင်ရတဲ့အတွက်လည်း ကြည်နူးမိပါတယ်။

**ဒေါက်တာမြတ်ညွှန့်**
**(ပါမောက္ခချုပ်၊ တောင်ငူတက္ကသိုလ်)**

ကျွန်တော့အနေနဲ့ ဝိဇ္ဇာနှင့်သိပ္ပံသုတေသန ညီလာခံကို တက်ရောက်ပြီး ဘုရားကြီးကို လာရောက် ဖူးမြော်ကြခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ ဦးဆောင်လမ်းညွှန်မှုနဲ့တည်ထားပူဇော်ခဲ့တဲ့ ဘုရားကြီးဟာ အခုဆိုရင် ကမ္ဘာ့အလယ်မှာ ထည်ထည်ဝါဝါ ပေါ်ထွန်းနေပြီ ဖြစ်ပါတယ်။ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေဖို့ ရည်ရွယ်ချက်နဲ့အညီ ဖြစ်ပေါ်လာတဲ့ ဒီဘုရားကြီးဟာ ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတွေမှာ သာမက ကမ္ဘာ့နိုင်ငံအသီးသီးမှာပါ ထင်ရှားပါတယ်။ ဒီလိုထင်ရှားတဲ့ ဘုရားကြီးကို ဖူးမြော်ရတဲ့အတွက် ကျွန်တော်တို့ ပါမောက္ခချုပ်တွေ အားလုံး ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်ပြီး ဘုရားကြီးကို တည်ထားပူဇော်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေ အားလုံးကိုလည်း ဘုရားဖူးလာပြည်သူများ ကိုယ်စားကျေးဇူးတင်ရှိပါတယ်။ တည်ထားပူဇော်ထားတဲ့ အနုပညာလက်ရာတွေဟာလည်း တကယ့်ကို အံ့မခန်းလက်ရာတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဘုရားကြီးကို မဖြစ်မနေလာရောက် ဖူးမြော်ကြည်ညိုကြစေလိုပါတယ်။

**ဦးကျော်လှ**
**(အငြိမ်းစားနိုင်ငံ့ဝန်ထမ်း)**

ဒီမာရဝိဇယ ဘုရားကြီးကို ကျွန်တော် တစ်ယောက်ထဲနဲ့ လာရောက် ဖူးမြော်ဖို့ဆိုတာ မလွယ်ကူပါဘူး။ အရင်က ရုပ်မြင်သံကြားနဲ့ သတင်းစာတွေထဲမှာတော့ ခဏခဏဖူးမြော်ခဲ့ပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ခွင့်ရအောင် စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပါတယ်။ အခုဘုရားကြီးကို စတင်မြင်တွေ့ရတဲ့ အချိန်မှာ ပြောမပြနိုင်အောင် ဝမ်းသာကြည်နူးမှုကို ခံစားခဲ့ရပါတယ်။ ဖူးမြော်လိုက်ရတဲ့အခါမှာလည်း ရင်ထဲမှာ အတော်လေး အေးချမ်းခဲ့ပါတယ်။ တည်ထားပူဇော်ထားတဲ့ ဗိသုကာလက်ရာတွေဟာလည်း အံ့မခန်းတွေပါပဲ။ ကျွန်တော့်အနေနဲ့ မိသားစုနဲ့အတူ နောက်တစ်ခေါက် လာရောက်ဖူးမြော်ဖို့ ရည်ရွယ်ထားပါတယ်။ အနယ်နယ်အရပ်ရပ်က ပြည်သူတွေလည်း လာရောက်ဖူးမြော်ကြပါ။ စိတ်အေးချမ်းမှုကို ရရှိကြမှာပါလို့ ပြောလိုပါတယ်။

**ဒေါ်သန်းသန်းမော်**
**(အငြိမ်းစားနိုင်ငံ့ဝန်ထမ်း)**

ကျွန်မ ဒီမာရဝိဇယဘုရားကြီးကို လာရောက်ဖူးမြော်ရမယ်လို့ မသိခင်မှာ နေမကောင်းဖြစ်နေခဲ့တာပါ။ အခုဖူးမြော်နေတဲ့ အချိန်မှာ ရင်ထဲအေးချမ်းပြီး ဝမ်းသာကြည်နူးတဲ့ ခံစားချက်မျိုး ရရှိပါတယ်။ ဘုရားကြီးရဲ့မေတ္တာဓာတ်တွေကြောင့် ကျွန်မရောဂါ သက်သာပျောက်ကင်းခဲ့တယ်လို့ ကျွန်မခံယူပါတယ်။ ဘုရားဖူးဖို့ စီစဉ်ပေးတဲ့ နိုင်ငံတော်တာဝန်ရှိသူတွေကိုလည်းအထူးကျေးဇူးတင်ရှိပါတယ်။ ဘုရားကြီး အောင်မြင်စွာ တည်ဆောက်ပူဇော်နိုင်ဖို့ ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း ဘုရားတာဝန်ရှိသူတွေက အသေးစိတ် ရှင်းလင်း ပြောကြားပေးခဲ့အတွက် အသိအမြင် ဗဟုသုတတွေလည်း များစွာရရှိခဲ့ပါတယ်။ တိုတောင်းလှတဲ့ လူ့ဘဝသက်တမ်းအချိန်လေးအတွင်းမှာ အသက်ရှင်နေထိုင်နေစဉ် ကာလအတွင်း အံ့သြစရာတွေနဲ့ ပြည့်နေတဲ့ ဒီဘုရားကြီးကို လာရောက်ဖူးမြော်ကြပါလို့ တိုက်တွန်း ပြောကြားလိုပါတယ်။

**တွေ့ဆုံမေးမြန်း**
**အောင်ရဲသွင်**
**ဓာတ်ပုံ – ဖိုးပြည့်စုံ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# အေဒင်ပင်လယ်ကွေ့ရှိ ဗြိတိန်ရေနံတင်သင်္ဘောကို ဟူသီအဖွဲ့ဒုံးကျည်ဖြင့် တိုက်ခိုက်



ဟူသီအုပ်စုက ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့သောကြောင့် ဗြိတိန်သင်္ဘော မီးလောင်နေမှုကို တွေ့ရစဉ်။

ဆာနား ဇန်နဝါရီ ၂၇

**ယီမင်နိုင်ငံရှိ ဟူသီလက်နက်ကိုင်အဖွဲ့သည် အေဒင်ပင်လယ်ကွေ့၌ ဗြိတိန်ရေနံတင်သင်္ဘောကို ဒုံးကျည်သစ်ဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဇန်နဝါရီ ၂၆ ရက်က ပြောကြားသည်။**

ဇန်နဝါရီ ၂၆ ရက်က အေဒင်ပင်လယ်ကွေ့၌ ဒုံးကျည်များဖြင့် ဗြိတိန်ရေနံတင် သင်္ဘော မာလင်လူဝါဒါကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း၊ ပစ်မှတ်တိကျသောကြောင့် သင်္ဘောပေါ်တွင် မီးလောင်ခဲ့ကြောင်း ဟူသီတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယာ့ဟ်ယာဆာရီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

ဟူသီအဖွဲ့ပစ်ခတ်မှုကြောင့် သင်္ဘောကို ထိမှန်ပြီး မီးလောင်သွားသဖြင့် အရေးပေါ်အကူအညီတောင်းခံခဲ့ရကြောင်း ဗြိတိန်ရေကြောင်းကုန်သွယ်မှုလုပ်ငန်း(ယူကေအမ်တီအို)က ပြောကြားသည်။

ထို့ပြင် ယင်းနေ့အစောပိုင်းကလည်း ဟူသီအုပ်စုက အေဒင်ပင်လယ်ကွေ့၌ အမေရိကန်ဖျက်သင်္ဘော ယူအက်စ်အက်စ်ကာနေးဆီသို့ သင်္ဘောဖျက်ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း အမေရိကန်ဗဟိုဌာနချုပ်က ပြောကြားသည်။

ပင်လယ်နီတွင် တင်းမာမှုများမြင့်တက်လာပြီး အမေရိကန်နှင့် ဗြိတိန်တို့က ဇန်နဝါရီ ၁၂ ရက်မှစတင်ကာ ဟူသီအဖွဲ့ကို ပစ်မှတ်ထားပြီး လေကြောင်းတိုက်ခိုက်မှုများပြုလုပ်နေချိန်တွင် ဟူသီအုပ်စုက ကုန်သွယ်ရေးရေယာဉ်များကို တိုက်ခိုက်ခြင်းဖြင့် ပါလက်စတိုင်းတို့နှင့် တညီတညွတ်တည်းရှိကြောင်း ၎င်းအုပ်စုက ပြောကြားသည်။

**ဆင်ဟွာ**

## ဂါဇာတောင်ပိုင်း ခန်းယူနစ်မြို့ရှိ ဆေးရုံတွင် လျှပ်စစ်မီးလုံးဝပြတ်တောက်

**ဂါဇာ ဇန်နဝါရီ ၂၇**

ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်း ခန်းယူနစ်မြို့ရှိ နက်ဆာဆေးရုံတွင် ဇန်နဝါရီ ၂၇ ရက်က လျှပ်စစ်မီး ပြတ်တောက်သွားခဲ့သည်ဟု ပါလက်စတိုင်းသတင်း အေဂျင်စီ (WAFA) တွင် ဖော်ပြထားသည်။

လူမှုကွန်ရက် မီဒီယာတွင် ပျံ့နှံ့လာသည့်ပုံများအရ ဆေးရုံပတ်ဝန်းကျင်မှာ မှောင်အတိဖုံးလွှမ်းနေသည်ကို တွေ့မြင်ရသည်။ အစ္စရေးတပ်ဖွဲ့သည် ရည်ရွယ်ချက်ရှိရှိ ပိတ်ဆို့ထားခြင်းများနှင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး ဆေးရုံကို လည်ပတ်နိုင်စွမ်းမရှိအောင် ပြုလုပ်ခဲ့သည်။ ထို့ပြင် လူနာတင်ယာဉ်များ လည်ပတ်မှုကိုလည်း ဟန့်တားခဲ့ကြောင်း ဂါဇာအခြေစိုက်ကျန်းမာရေးဌာနကပြောသည်။

ဇန်နဝါရီ ၂၆ ရက်က ခန်းယူနစ်မြို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ပြီး ၂၈ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ပါလက်စတိုင်းရုပ်သံတွင် ဖော်ပြထားသည်။ ဂါဇာအလယ်ပိုင်းရှိ နေအိမ်တစ်လုံးတွင်လည်း ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းက အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့ရပြီး ခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

ခန်းယူနစ်မြို့တွင် မကြာသေးမီ ရက်ပိုင်းအတွင်းက အစ္စရေးတပ်ဖွဲ့၏ အပြင်းအထန်တိုက်ခိုက်မှုများနှင့် ကြုံတွေ့နေရပြီး ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ဖြစ်ပွားခဲ့သည့် အစ္စရေး-ဟားမားစ် ပဋိပက္ခနောက်ပိုင်း အပြင်းထန်ဆုံးဖြစ်ခဲ့သည်။ **ဆင်ဟွာ**





## အက်ဖ် - ၁၆ တိုက်လေယာဉ်ကို တူကီယဲသို့ရောင်းချရန် အမေရိကန် ခွင့်ပြု

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

တူကီယဲနိုင်ငံသည် ဆွီဒင်နိုင်ငံကို နေတိုးအဖွဲ့ဝင်နိုင်ငံအဖြစ် အပြည့်အဝထောက်ခံခဲ့ပြီးနောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က တူကီယဲသို့ အက်ဖ်-၁၆ တိုက်လေယာဉ်များ ရောင်းချရန် ခွင့်ပြုခဲ့သည်။

တူကီယဲနိုင်ငံသို့ အက်ဖ် -၁၆ တိုက်လေယာဉ်အစင်း ၄၀ နှင့် ဆက်စပ်ပစ္စည်းများရောင်းချရန် ခွင့်ပြုပေးကြောင်းကို သမ္မတဂျိုးဘိုင်ဒင်အစိုးရအဖွဲ့က ဇန်နဝါရီ ၂၆ ရက်တွင် လွှတ်တော်သို့ အကြောင်းကြားခဲ့သည်။ အဆိုပါသဘောတူညီမှုမှာ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံတန်ကြေးရှိသည်။ တူကီယဲနိုင်ငံသည် ၎င်းတို့ပိုင် အက်ဖ် -၁၆ တိုက် လေယာဉ်အုပ်စုကို အဆင့်မြှင့်တင်ရန် ကာလရှည်ကြာ နည်းလမ်းများ ရှာဖွေခဲ့သည်။ ယခုကဲ့သို့တိုက်လေယာဉ်များ ရောင်းချခြင်းသည် တူကီယဲနိုင်ငံအနေဖြင့် မဟာမိတ်များကို ကာကွယ်ပေးရန်နှင့် ဒေသတွင်း လုံခြုံရေးအတွက် နေတိုးအဖွဲ့၏ စစ်ဆင်ရေးများတွင် အထောက်အကူဖြစ်စေမည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

တိုက်လေယာဉ်များ ရောင်းချခြင်းကြောင့် ဒေသတွင်း အခြေခံစစ်ရေးဟန်ချက်ကို ပြောင်းလဲမည်မဟုတ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## လက်ဘနွန်-အစ္စရေးနယ်စပ်တစ်လျှောက် ပစ်ခတ်တိုက်ခိုက်မှုအတွင်း လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိ

**ဘေရွတ် ဇန်နဝါရီ ၂၇**

လက်ဘနွန် -အစ္စရေး နယ်စပ်တစ်လျှောက် အစ္စရေး၏ စီးနင်းတိုက်ခိုက်မှုကြောင့် သောကြာနေ့တွင် ဟစ်ဇ်ဘိုလာအဖွဲ့ဝင် ငါးဦး သေဆုံးကာ အရပ်သား ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လက်ဘနွန်သတင်းရင်းမြစ်များက ပြောသည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ရွာတစ်ရွာမှ နေအိမ်သုံးလုံးကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာ လူသေဆုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသည့် သတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောသည်။ အစ္စရေးဒရုန်းများသည် ဒုံးကျည် ၂၈ စင်းကို အသုံးပြုကာ ဒေသရှိ မြို့ခြောက်မြို့နှင့် ကျေးရွာများကို လေကြောင်းတိုက်ခိုက်မှု ၁၂ ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ နေရာ ၁၈ ခုကို လက်နက်ကြီးဖြင့် အကြိမ် ၈၀ ခန့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း ၎င်းတို့၏ တိုက်လေယာဉ်များက အစ္စရေး၏ နေရာအများအပြားကို Falaq-1 ဒုံးကျည်များဖြင့် ပထမဆုံးအကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း ပြောသည်။ ဟားမားစ်အဖွဲ့က အစ္စရေးကို တိုက်ခိုက်မှုအားထောက်ခံသည့်အနေဖြင့် ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးကို ဒုံးကျည်ဒါဇင်နှင့်ချီ ပစ်ခတ်ပြီးနောက် လက်ဘနွန် -အစ္စရေး နယ်စပ်တစ်လျှောက် တင်းမာမှုများ မြင့်တက်လျက်ရှိသည်။

နှစ်ဖက်ထိတွေ့တိုက်ပွဲကြောင့် လက်ဘနွန်ဘက်ခြမ်းတွင် ဟစ်ဇ်ဘိုလာအဖွဲ့ဝင် ၁၆၈ ဦးနှင့် အရပ်သား ၃၉ ဦးအပါအဝင် ၂၃၄ ဦး သေဆုံးပြီးဖြစ်ကြောင်း လက်ဘနွန်လုံခြုံရေးသတင်းရင်းမြစ်များ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**



လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ယာရင်းကျေးရွာအနီး အစ္စရေးနိုင်ငံမြောက်ပိုင်းမှ ပစ်လွှတ်လိုက်သော လက်နက်ကြီးကျည်ဆန်များ ကျရောက်ပေါက်ကွဲစဉ်။

## ဂျပန်သို့လာရောက်သည့် နိုင်ငံခြားခရီးသွားဦးရေ ၂၀၂၃ ခုနှစ်တွင် ခြောက်ဆတိုးလာ

**တိုကျို ဇန်နဝါရီ ၂၇**

၂၀၂၃ ခုနှစ်အတွင်း ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားခရီးသွားဦးရေမှာ ၂၀၂၂ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ခြောက်ဆတိုးလာခဲ့သည်ဟု အစိုးရအချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားခရီးသွားဦးရေ ၂၅ ဒသမ ၀၃ သန်း ဂျပန်နိုင်ငံသို့ လာရောက်ခဲ့ပြီး ကပ်ရောဂါကာလမတိုင်မီ ၂၀၁၉ ခုနှစ်ကနှုန်း၏ ၈၀ ရာခိုင်နှုန်းဝန်းကျင် ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးဝန်ဆောင်မှုအေဂျင်စီမှ ဇန်နဝါရီ ၂၆ ရက် ကနဦးအစီရင်ခံစာအရ သိရသည်။

နိုင်ငံခြားသားပေါင်း ၁၈၀၀၀၀ ကျော်မှာ နည်းပညာဆိုင်ရာအလုပ်သင်ဗီဇာဖြင့် ဝင်ရောက်လာခြင်းဖြစ်ပြီး ကျောင်းသားဗီဇာဖြင့် လာရောက်သူ ၁၄၀၀၀၀ နီးပါးရှိသည်ဟု အချက်အလက်များအရ သိရသည်။ တစ်ချိန်တည်းတွင် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံရပ်ခြားသို့ သွားရောက်သည့် ဂျပန်နိုင်ငံသားဦးရေမှာလည်း ၉ ဒသမ ၆၂ သန်းကျော်အထိ ရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**




# ကန့်ဘလူမြို့နယ်အတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆို

**နေပြည်တော် ဇန်နဝါရီ ၂၇**

လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့/ရွာများနှင့် နိုင်ငံတော်ပိုင် အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ ၎င်းတို့အား မထောက်ခံသည့် ဒေသခံပြည်သူများအား ဒလန်ဟု စွပ်စွဲ၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ လမ်း/ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် PDF အမည်ခံအကြမ်းဖက်သမားများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများအေးချမ်းစွာ နေထိုင်နိုင်ရေးတို့အတွက် အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားသည့်စိတ်ဖြင့် တိုက်ခိုက်ချေမှုန်းလျက်ရှိပြီး နယ်မြေလုံခြုံရေးတာဝန်များကိုလည်း ထမ်းဆောင်လျက်ရှိသည်။

ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝကို ကာကွယ်စောင့်ရှောက်နေပြီး လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ကန့်ဘလူမြို့၌ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သံဃာတော်များက အောင်သပြေပန်းများ၊ ပန်းကုံးများ၊ အိုးစည်ဒိုးပတ်များဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုထောက်ခံအားပေးလျက်ရှိပြီး**(အပေါ်ပုံ)** လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး (Counter – Terrorism Operation) ကို ဂျီနီဗာကွန်ဗန်းရှင်း(၄)ရပ်ကိုအခြေခံသော လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေ (Law of Armed Conflict) ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ပြန်ထားရှိသည့် ထိတွေ့တိုက်ခိုက်မှုဆိုင်ရာစည်းမျဉ်း (Rules of Engagement–ROE) အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မွန်ပြည်နယ် ချောင်းနှစ်ခွရဲစခန်းအနီးဝန်းကျင် နေအိမ်များအား တပ်မတော်မှ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်းနှင့် ကော့ကရိတ်မြို့နယ်အတွင်း တပ်မတော်မှ လူသားဒိုင်း အသုံးပြုလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွ နယ်မြေရဲစခန်း ပတ်ဝန်းကျင်ရှိ နေအိမ်များကို တပ်မတော်မှ မီးရှို့ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွလုံခြုံရေးစခန်းအား ၂၀၂၃ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများနှင့် KNLA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များမှ ဝိုင်းဝန်းပိတ်ဆို့ကာ စခန်းဝန်းကျင်ရှိ နေအိမ်များတွင် ဝင်ရောက်နေရာယူ၍ ကတုတ်ကျင်းများ၊ ဘန်ကာများတူးဖော်အသုံးပြုတိုက်ခိုက်ခြင်းအပါအဝင် လူနေအိမ်များရှိ ပစ္စည်းများ ယူဆောင်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းစသည့် လုပ်ဆောင်မှုများကြောင့် ကျေးရွာရှိ နေအိမ်များ မီးလောင်ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာနယ်မြေလုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

အလားတူ ဇန်နဝါရီ ၂၂ ရက်မှစ၍ တပ်မတော်မှ ကော့ကရိတ်မြို့နယ်အတွင်းရှိ ဒေသခံများအား လူသားဒိုင်းပြုလုပ်ပြီး အသုံးပြုလျက်ရှိကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကိုတွေ့ရှိရပြီး တပ်မတော်အနေဖြင့် ကော့ကရိတ်မြို့နယ်အတွင်း လိုအပ်သော လုံခြုံရေးလုပ်ငန်းများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်လျက် ရှိကြောင်းနှင့် တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားထားသည့် သတင်းမှားသာ ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Aung Kyaw Soe” Face– book အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ အောင်ကျော်စိုးအား နံနက် ၁၁ နာရီခွဲတွင် သောင်ကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘီးလင်းမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများတွင် ဗုံးခိုကျင်းများ တူးကြရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားထားကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**



မွန်ပြည်နယ် ဘီးလင်းမြို့နယ်အတွင်း ဌာနဆိုင်ရာရုံးများတွင် ဗုံးခိုကျင်းများ တူးကြရန် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ညွှန်ကြားထားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန်ရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မွန်ပြည်နယ် ဘီးလင်းမြို့အတွင်း ဌာနဆိုင်ရာရုံးများကို ညွှန်ကြားချက်ထုတ်ပြန်ထားခြင်းမရှိကြောင်းနှင့် အများပြည်သူ စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေရန် ကောလာဟလသတင်းတု ဖြန့်ဝေရေးသားခြင်းဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်စီးစေရန်၊ ဒေသခံပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် လူမှုကွန်ရက်စာမျက်နှာများတွင် သတင်းတု၊ သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းအဆိပ်ခတ် အနိဋ္ဌာရုံများစေတဲ့ TNN

မြင့်မြတ်

**ယနေ့ကမ္ဘာကြီးမှာ ပထဝီနိုင်ငံရေး၊ စီးပွားရေးအရ အချက်အချာကျတဲ့နိုင်ငံ၊ အချင်းချင်းညီညွတ်မှုအားနည်းတဲ့နိုင်ငံ၊ အားနည်းချက်တွေရှိတဲ့နိုင်ငံတွေဟာ အင်အားကြီးနိုင်ငံမျိုးစုံရဲ့ဖိအားအမျိုးမျိုးနဲ့ ထိုးဖောက်မွှေနှောက်တိုက်ခိုက်ခံရတတ်တဲ့ အစဉ်အလာဆိုးကြီးဟာ မဆန်းတော့ပါဘူး။ ရုပ်ပိုင်းဆိုင်ရာအရ အမျိုးမျိုးဖိနှိပ်ကြတဲ့အပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာအရပါ အင်အားချည့်နဲ့အောင် မီဒီယာအားနဲ့ဝါဒအမျိုးမျိုးဖြန့်နှောင့်ယှက်လေ့ရှိကြပါတယ်။ တောင်အာရှနဲ့အရှေ့တောင်အာရှရဲ့ ဗဟိုချက်မတစ်ခုဖြစ်နေတဲ့ မြန်မာနိုင်ငံရဲ့ပထဝီနိုင်ငံရေးအရ အားသာချက်ကို ရိုက်ချိုးဖို့ အင်အားကြီးနိုင်ငံတွေအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့က ကြိုးပမ်းအားထုတ်နေကြမှုကို မြင်အောင်ကြိုးစားရာမှာ သတင်းမီဒီယာအားနဲ့ ဝိုင်းဝန်းဖိနှိပ်မှုတချို့ကို ကျွန်တော်တို့မြန်မာပြည်သူတွေ မျက်ခြည်မပြတ် သိရှိထားဖို့လိုပါတယ်။**

**TNN ဆိုတာ**

ယခုလည်း ထိုင်းသတင်းမီဒီယာတစ်ခုက ဖိအားပေးနှောင့်ယှက်ခဲ့ပြန်ပါပြီ။ TNN Online channel က လွှင့်ထုတ်ချက်တစ်ခုအရ ဖြစ်ပါတယ်။ စစ်ရိပ်စစ်ငွေ့တွေကြားမှာ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ညီညွတ်မှုရအောင် အိမ်နီးချင်းနိုင်ငံများနဲ့ မိတ်ဆွေကောင်းဖြစ်မှုကို မနည်းကြိုးစားရှာဖွေ တည်ဆောက်နေရတဲ့အခြေအနေမျိုးမှာ ယခုလို ထိုင်းမီဒီယာရဲ့ ထုတ်လွှင့်ချက်ဟာ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေအကြား မိတ်ဆွေဖြစ်မှုအနေအထား လျော့ကျသွားအောင်၊ ချစ်ကြည်ရင်းနှီးမှုပျက်ပြားအောင်၊ ရန်ဘက်အသွင်ဆောင်လာအောင်၊ မြန်မာနိုင်ငံတွင်းမှာ ပဋိပက္ခတွေ ပိုပြင်းထန်လာပြီး ပျက်စီးခြင်းဆိုက်အောင် မီးလောင်ရာလေပင့် လုပ်ဆောင်မှုတစ်ရပ်လို့သာ ထင်မြင်မိပါတယ်။ TNN ကို နောက်ကြောင်းလိုက်ကြည့်ရင် ၎င်း Thai News Network ဟာ ပေါ်ပြူလာအွန်လိုင်းသတင်းချန်နယ်တစ်ခုဆိုတာ မှန်ပါတယ်။ တစ်လအတွင်း တစ်ကမ္ဘာလုံးက ကြည့်ရှုသူပေါင်း ၅၅ သန်းအထိ ရှိခဲ့တဲ့ ချန်နယ်တစ်ခုဖြစ်ပါတယ်။ ကြည့်ရှုသူတွေထံ အမေရိကန်နဲ့အနောက်ဘက်ယိမ်း နိုင်ငံရေး၊ စီးပွားရေး၊ ဖြေဖျော်မှုသတင်းမျိုးစုံကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ အချိန်နဲ့တစ်ပြေးညီ အရောက်ပို့ပေးနိုင်တယ်လို့ ဆိုပါတယ်။ သူတို့ဆီက သူတို့ဖော်ပြချက်သက်သက်အနေနဲ့တော့ သတင်းတွေဟာ တိကျတယ်၊ ဘက်မလိုက်ဘူး၊ မြန်ဆန်တယ်ပေါ့။

ဒါပေမယ့်လည်း သတင်းမီဒီယာတွေရဲ့ထုံးစံ၊ အများရဲ့ဝေဖန်ရှုတ်ချမှုတွေလက်ကတော့ မလွတ်ပါဘူး။TNN နဲ့ပတ်သက်ပြီး ယခုနောက်ပိုင်းမှာ ဝေဖန်မှု၊ အငြင်းပွားမှုတွေ တိုးသည်ထက်တိုးလာနေတာ မှတ်သားရပါတယ်။ အနောက်ယိမ်းသတင်းဌာနဆိုတော့ သတင်းမှားဖြန့်ဝေမှု၊ ဘက်လိုက်ပြီးသတင်းတင်ပြမှုတွေနဲ့ပတ်သက်ပြီး သက်သေစွပ်စွဲချက်တွေနဲ့အတူ ဝေဖန်ခံနေရခြင်း ဖြစ်ပါတယ်။ သတင်းတင်ပြမှုမှာ ကျင့်ဝတ်သိက္ခာမရှိ၊ သမာသမတ်မကျ၊ ယုံကြည်အားထားရမှုမရှိတဲ့အချက်အလက်များနဲ့ ပတ်သက်ပြီး ဝေဖန်ခံရခြင်း ဖြစ်ပါတယ်။

**ချစ်ကြည်ရင်းနှီးမှုပျက်ပြားအောင် ဆောင်ရွက်ခဲ့လေသလား**

ဒီလိုဝေဖန်မှုတွေနဲ့ ပတ်သက်ပြီး လောလောဆယ် မြန်မာနိုင်ငံအပေါ် ဘက်လိုက်ဖော်ပြခဲ့မှုနဲ့ ထင်ဟပ်ပြီး ကျင့်ဝတ်သိက္ခာပိုင်းမှာ ၎င်းသတင်းဌာနရဲ့ အားနည်းချက်များကို ချိန်ထိုးကြည့်ရပါမယ်။

**◆ ဒီပဋိပက္ခမှာ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ရတယ်၊ သူတို့အခေါ် ရိုဟင်ဂျာခေါ်တဲ့ ဘင်္ဂါလီတွေနဲ့လည်း ဘာမှသက်ဆိုင်ခြင်း မရှိပါဘူး။ မြန်မာလူမျိုးထဲမှာ ပါဝင်ခြင်းမရှိတဲ့ ဘင်္ဂါလီတွေ ဟိုဘက်ဒီဘက်ရောက်ခြင်း၊ မရောက်ခြင်းဟာ မြန်မာနိုင်ငံနဲ့လည်း သက်ဆိုင်ခြင်းမရှိပါဘူး။ TNN အနေနဲ့ ဘင်္ဂါလီသမိုင်းအပါအဝင် မြန်မာနိုင်ငံ အနောက်တံခါးအရေးကိစ္စများနဲ့ ပတ်သက်ပြီး သတင်းအချက်အလက် ခိုင်ခိုင်မာမာ ရယူသင့်တယ်လို့သာ ယူဆပါတယ်။ မမှန်တဲ့ အချက်အလက်များကြောင့် နာမည်ကြီးသတင်းဌာနတစ်ခုအနေနဲ့ အလွန့်အလွန် အရှက်ရမှုဖြစ်စေတယ်ဆိုတာ သတိချပ်ဖို့လိုပါတယ်**

ချန်နယ်ရဲ့ဖော်ပြချက်အရ မြန်မာနိုင်ငံ အရှေ့မြောက်ဒေသမှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့ကစပြီး မြောက်ပိုင်းစစ်သွေးကြွသုံးဖွဲ့ပေါင်းပြီး နယ်မြေလုစစ်ပွဲတွေဖော်ဆောင်နေတယ်ဆိုတဲ့အချက်က မှန်ပါတယ်။ စစ်ပွဲဟာ အရှေ့မြောက်ဒေသကနေ ရခိုင်မြောက်ပိုင်း၊ ရှမ်းတောင်၊ ကယားအစပ်၊ နောက်ပိုင်း ကရင်ပြည်နယ်အထိ စစ်မီးပွားအောင် လှုံ့ဆော်မှုတွေ ရှိနေပါတယ်။ အချို့နေရာတွေမှာ တိုက်ပွဲတွေပြင်းထန်ပြီး နှစ်ဖက်အကျအဆုံးတွေရှိနေပါတယ်။ တိုက်ပွဲတွေကြောင့် တပ်မတော်ကအရာရှိနဲ့ စစ်သည်တွေ အိန္ဒိယနိုင်ငံဘက်ရောက်ရှိသွားခြင်းမျိုး ရှိခဲ့ပေမယ့် နှစ်နိုင်ငံတာဝန်ရှိသူများညှိနှိုင်းပြီး ရောက်ရှိသွားသူတွေကို မြန်မာနိုင်ငံဘက်က အချိန်မဆိုင်း လေကြောင်းနဲ့ ပြန်လည်ခေါ်ယူပေးလျက် ရှိပါတယ်။ ဒီပဋိပက္ခမှာ လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ရတယ်၊ သူတို့အခေါ် ရိုဟင်ဂျာခေါ်တဲ့ ဘင်္ဂါလီတွေနဲ့လည်း ဘာမှသက်ဆိုင်ခြင်းမရှိပါဘူး။ မြန်မာလူမျိုးထဲမှာ ပါဝင်ခြင်းမရှိတဲ့ ဘင်္ဂါလီတွေ ဟိုဘက်ဒီဘက်ရောက်ခြင်း၊ မရောက်ခြင်းဟာ မြန်မာနိုင်ငံနဲ့လည်း သက်ဆိုင်ခြင်းမရှိပါဘူး။ TNN အနေနဲ့ ဘင်္ဂါလီသမိုင်းအပါအဝင် မြန်မာနိုင်ငံအနောက်တံခါး အရေးကိစ္စများနဲ့ ပတ်သက်ပြီး သတင်းအချက်အလက် ခိုင်ခိုင်မာမာ ရယူသင့်တယ်လို့သာ ယူဆပါတယ်။ မမှန်တဲ့ အချက်အလက်များကြောင့် နာမည်ကြီးသတင်းဌာနတစ်ခုအနေနဲ့ အလွန့်အလွန် အရှက်ရမှုဖြစ်စေတယ်ဆိုတာ သတိချပ်ဖို့လိုပါတယ်။

ဒီနေရာမှာ TNN အနေနဲ့မသိမသာ ရန်တိုက်ပေးမှုတစ်ခုကို ပြုခဲ့တယ်လို့ ယူဆနိုင်ပါတယ်။ နိုင်ငံနယ်စပ်များမှာ တိုက်ပွဲဖြစ်ပွားမှုတိုင်းမှာ တစ်နိုင်ငံရဲ့ဖြစ်စဉ်ဟာ အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသအချို့ပေါ်မှာ သက်ရောက်မှုရှိစမြဲပါပဲ။ ဖြစ်ပေါ်မှုတိုင်းမှာလည်း အိမ်နီးချင်းကောင်းပီသစွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်လေ့ရှိကြပါတယ်။ မြန်မာနဲ့ အိန္ဒိယနိုင်ငံများဟာ အိမ်နီးချင်းကောင်းပီသပြီး ချစ်ကြည်ရင်းနှီးတဲ့ မိတ်ဆွေနိုင်ငံများ ဖြစ်ကြပါတယ်။ နှစ်နိုင်ငံနယ်စပ်ပြဿနာများဖြစ်ပေါ်တိုင်း ပြည်တွင်းရေးပြဿနာလိုသဘောထား ဝင်ရောက်စွက်ဖက်လေ့မရှိ နားလည်မှုရှိရှိ အပြန်အလှန် ကူညီလေ့ရှိကြတဲ့ နိုင်ငံများ ဖြစ်ပါတယ်။ ယခုလည်း မြန်မာဘက်က ဖြစ်စဉ်မှာ တစ်ဖက်နယ်ခြားကို ရောက်ရှိသွားတဲ့ အရာရှိ၊ စစ်သည်တွေကို မလာရ၊ မဝင်ရ ပိတ်ပင်ခြင်းမရှိဘဲ ကောင်းစွာစောင့်ရှောက်ထားတဲ့အထိ တာဝန်သိတဲ့ မိတ်ဆွေကောင်း ဖြစ်ပါတယ်။ ဟိုဘက်ဒီဘက် နှစ်နိုင်ငံကြား ပြဿနာဖြစ်လာရင် ပြဿနာ မိမိထံမကူးအောင် ကြိုတင်တားဆီးတဲ့အနေနဲ့နယ်ခြားမှာ လိုအပ်တဲ့ အတားအဆီးများဆောင်ရွက်ခြင်းဟာလည်း သဘာဝကျပြီး သူ့နိုင်ငံ၊ သူ့အရေးကိစ္စဖြစ်တဲ့အတွက် ဒေသတွင်းမှာ ဘာပြဿနာမှမရှိပါဘူး။ ဒီလိုအခြေအနေမှာ ယခုလို အိန္ဒိယနိုင်ငံ နယ်စပ်ကိစ္စကို အထူးပြုမီးမောင်းထိုးပြခြင်းဟာ မြန်မာနဲ့ အိန္ဒိယအကြား နဂိုမူလ ချစ်ကြည်ရင်းနှီးမှုကို ဖျက်ဆီးရန်နဲ့ နှစ်နိုင်ငံကြား ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ခြင်းလို့ မှတ်ယူပါတယ်။ ပေါ်ပြူလာဖြစ်ပါတယ်ဆိုတဲ့ သတင်းဌာနတစ်ခုအနေနဲ့ မှားယွင်းတဲ့ အချက်အလက်တွေမှာအခြေခံပြီး ထုတ်လွှင့်တဲ့ ကျင့်ဝတ်နဲ့မလျော်တဲ့လုပ်ရပ်အဖြစ် ဝေဖန်ရမှာ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံတို့ဟာလည်း အိမ်နီးချင်းနိုင်ငံများပီပီ တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိ ယနေ့ကာလ ပူးပေါင်းဆောင်ရွက်မှုများမှာ အပြုသဘောမှတ်ချက်များစွာနဲ့ အားရဖွယ်တိုးတက်မှုများရှိလာခဲ့ပြီ ဖြစ်ပါတယ်။ ဒါကြောင့် TNN ထိုင်းနိုင်ငံသတင်းဌာနတစ်ခုက ယခုလိုတင်ပြချက်များဟာ ရိုးသားမှုရှိရဲ့လား၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တုံ့ဆိုင်းသွားအောင် မသိမသာဆောင်ရွက်ချက်တစ်ခုလေလား ယူဆနိုင်ဖွယ်ရာ ရှိလာပါတယ်။ ထိုင်းနဲ့မြန်မာခေါင်းဆောင်များဟာ နှစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးကို အပြန်အလှန်လိုလားကြသူများ ဖြစ်ပါတယ်။ ထိုင်းအစိုးရက မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ပါဝင်ကူညီလေ့ရှိသလို မြန်မာနိုင်ငံဘက်ကလည်း ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးအာဏာလွှန်ဆွဲပွဲတွေမှာ ဘယ်တုန်းကမှ ဝင်ရောက်စွက်ဖက်ခြင်းမျိုး မရှိခဲ့ပါဘူး။ ဒီအချက်ကို TNN အနေနဲ့ ဂုဏ်သိက္ခာရှိရှိ ဘက်လိုက်မှုကင်းကင်း ဖော်ပြသင့်ပါတယ်။ သတင်းဌာနတစ်ခုအနေနဲ့ သိရှိလိုက်နာပြီးဖြစ်ရမယ့် အခြေခံအချက်များလည်းဖြစ်ပါတယ်။

**နှစ်ဖက်တရားမျှတမှုရှိရှိ ဖော်ပြသင့်**

TNN အနေနဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုရဲ့ ဟိုးအဝေးတစ်ဖက်က ကိစ္စတွေထက် ကိုယ့်နိုင်ငံတွင်းနဲ့နီးစပ်ရာကို ပိုပြီးအာရုံစိုက်သင့်တယ် မဟုတ်ပါလား..။ ရေးမယ်ဆို ဘက်လိုက်မှုကင်းကင်းနဲ့ ဖော်ပြရေးသားစရာ များစွာရှိပါတယ်။ TNN အပါအဝင် မြန်မာ့အရေးကို အရေးတကြီး ဖော်ပြချင်နေတဲ့ သတင်းမီဒီယာတွေကို ကျွန်တော်တို့ဘက်က တောင်းဆိုချင်တာတွေ ရှိပါတယ်။ သူတို့ဆီမှာ မြန်မာအရေးနဲ့ပတ်သက်ပြီးလည်း ရေးသားတင်ပြသင့်တာတွေများစွာ ရှိနေကြမှာပါ။ သို့ပေမယ့် လတ်တလောနဲ့ အပေါ်ယံပဲကြည့်ပြီး တင်တဲ့သတင်းမျိုးတော့မဖြစ်ပါစေနဲ့လို့ တောင်းဆိုပါရစေ၊ မူလအကြောင်းရင်းခံကို မှန်မှန်ကန်ကန်ရှာဖွေတတ်တဲ့ သတင်းသမားမျိုးနဲ့ တင်ပြချက်မျိုးတွေသာ ဖြစ်သင့်ပါတယ်။ ယနေ့မြန်မာနိုင်ငံမှာ ဖြစ်နေပျက်နေတာတွေဟာ ကျားဖြန့်ကိစ္စအကြောင်းပြပြီး နယ်မြေလုစစ်နယ်ရှင်တွေရဲ့ တိုက်ပွဲတွေပဲဖြစ်နေပါတယ်။ အာဏာဟာ သေနတ်ပြောင်းဝက ထွက်တယ်ဆိုတဲ့ သူတစ်လူငါတစ်မင်း စစ်ဘုရင်မူးယစ်ရာဇာတွေရဲ့ စားကျက်လုပွဲတွေ၊ ငါနဲ့မတူငါ့ရန်သူ၊ လူသတ်၊ မုဒိမ်းကျင့်၊ သတ်ဖြတ်၊ မီးရှို့၊ ခိုးဆိုးလုယက်ဖြစ်စဉ်တွေကို လက်တွေ့မြင်အောင် ကြည့်ပြီးမှ နှစ်ဖက်တရားမျှတမှုရှိရှိ ဖော်ပြစေချင်ပါတယ်။ မြန်မာနိုင်ငံအပေါ် အလုံးစုံပျက်စီးရေး ပြည်တွင်းပြည်ပညှပ်ပြီး လုပ်ဆောင်ချက်တွေကို မြင်အောင်ကြည့်ပြီး နားလည်မှုရှိရှိနဲ့ ပဋိပက္ခ ပိုမကြီးထွားအောင် စောင့်ထိန်းတင်ပြသင့်တယ်လို့ ယူဆပါတယ်။

ဘက်မလိုက်ခြင်းဆိုတဲ့ အချက်ဟာလည်း သတင်းဌာနကောင်း *စာမျက်နှာ ၁၇ သို့*

**TNN အနေနဲ့ မိမိရဲ့မီဒီယာပါဝါကို ဘက်တွေကြား မျှတအောင် အသုံးပြုသင့်ပါတယ်။ အင်အားကြီးတွေရဲ့ပါဝါအားပြိုင်ပွဲမှာ ဘက်မလိုက် မျှတစွာ နေသင့်ပါတယ်။စိတ်ကြွဆေးမှောင်ခိုအရောင်းအဝယ်နဲ့ အဖျက်လုပ်ရပ်ချည်းလုပ်နေတဲ့ ဒေသတွင်း မူးယစ်ရာဇာတွေကြောင့် ထိုင်းလူငယ်တွေ ပျက်စီးမယ့်အရေးတွေးပြီး ပြည်သူတွေမြင်အောင် ချပြရပါမယ်။ မြန်မာ- ဘင်္ဂလားဒေ့ရှ်- အိန္ဒိယဘက်က မွတ်ဆလင်အရေးချည်းလည်း မကြည့်ဘဲ ဗုဒ္ဓဘာသာနိုင်ငံတစ်ခုဖြစ်တဲ့ ထိုင်းတောင်ပိုင်း မွတ်ဆလင်အရေးကိုလည်း အလေးအနက်ထားဖို့ လိုပါမယ်။ ထိုင်းနိုင်ငံနဲ့ပတ်သက်ပြီး မြန်မာဘက်က ဝင်ရောက်စွက်ဖက်ခြင်းများ လုံးဝမရှိခဲ့သလို သင်တို့နိုင်ငံမှာ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအပေါ် အဖျက်လုပ်ရပ် လုပ်နေသူတွေ အခြေပြုခိုအောင်း လှုပ်ရှားနေသူတွေနဲ့ပတ်သက်ပြီးလည်း သတိတရဖော်ပြပေးမယ်ဆိုရင် မြန်မာပြည်သူတွေအနေနဲ့ လွန်စွာကျေးဇူးတင်မိမှာ ဖြစ်ပါတယ်**

# မုံရွာမြို့တွင် ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်ပွဲတော် ကျင်းပ

**မုံရွာ ဇန်နဝါရီ ၂၇**
ကျောင်းသား ကျောင်းသူများအား နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ဓာတ်များ မြင့်မားလာစေပြီး၊ စာပေနှင့် အနုပညာစွမ်းအား၊ အားကစားတို့ဖြင့် အသိပညာ ဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့် အတွေးအခေါ် အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်ကို ဇန်နဝါရီ ၂၆ ရက်က မုံရွာမြို့ အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်း (အလုံ)၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက လောကအားမာန် တေးသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က လူငယ်ပွဲတော် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗလငါးတန်ဖွံ့ဖြိုးရေး အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာရွတ်၊ ပုံပြင်ပြော၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၌ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(အလုံ)မှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဝင်းမြတ်စိုးက တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးထံ ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာ ပြခန်းများနှင့် အားကစားပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**



# အုတ်တွင်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်နှင့် စပါးစိုက်ပျိုးခြင်း သရုပ်ပြသ

**အုတ်တွင်း ဇန်နဝါရီ ၂၇**
ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် နတ်စဉ်ကုန်းကျေးရွာအုပ်စု ကွမ်းသီးခြံကျေးရွာရှိ တောင်သူ ဦးကျော်လှိုင်၏ စနစ်ကျလယ်ယာမြေလေးကေတွင် လက်ဆွဲကောက်စိုက်စက်နှင့် စိုက်ပျိုးခြင်း သရုပ်ပြသမှုကို ဇန်နဝါရီ ၂၅ ရက်က ဆောင်ရွက်သည်။

ထိုသို့ သရုပ်ပြသရာတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက စနစ်ကျလယ်ယာမြေတွင် စပါးကို ဆားရေစိမ်၍ စိုက်ပျိုးခြင်းနည်းပညာနှင့် လက်ဆွဲကောက်စိုက်စက် အသုံးပြုစိုက်ပျိုးမှုကို သရုပ်ပြသရာ ခရိုင်စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မင်းထွေးနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ ကြည့်ရှုလေ့လာကြသည်။ ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးက စနစ်ကျစိုက်ပျိုးခြင်းနည်းပညာနှင့်ပတ်သက်၍ အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မင်းဘူးခရိုင် ဆေးရုံကြီး၌ သံဃာတော်များနှင့် သီလရှင်များအား အခမဲ့ဆေးကုသပေး

**မင်းဘူး ဇန်နဝါရီ ၂၇**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ရဟန်းသံဃာတော်များနှင့် သီလရှင်များအား အခမဲ့ ကျန်းမာရေး စောင့်ရှောက် ဆေးကုသပေးခြင်းကို ဇန်နဝါရီ ၂၆ ရက်က ဆောင်ရွက်ပေးရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသပေးရာတွင် ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာအေးမြဝင်း၏ ဦးဆောင်မှုဖြင့် နား၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု သမားတော်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ စလင်းမြို့နှင့် ငဖဲမြို့နယ်တို့မှ လာရောက်ဆေးဝါးကုသမှုခံယူကြသည့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများ၊ သီလရှင်များ စုစုပေါင်း ၁၄ ပါးအား လိုအပ်သော ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ အခမဲ့ ဆေးဝါးကုသပေးခဲ့ခြင်းဖြစ်သည်။

မင်းဘူးခရိုင် အထွေထွေရောဂါကုဆေးရုံကြီး၌ ခရိုင်အတွင်းရှိ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအပါအဝင် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သီလရှင်များအား အခမဲ့ဆေးကုသပေးခြင်းအပြင် နိုင်ငံ့ဝန်ထမ်းများကိုလည်း အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာအေးမြဝင်းထံမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



**ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အထက(၅) ကျောင်း၌ ကျောင်းအခြေပြု မေးခိုင်နှင့် ဆုံဆို့နာကာကွယ်ဆေး (DT) များကို မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ပညာရေးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၆ ရက်က ထိုးနှံပေးစဉ်။**
(ယင်းနေ့တွင် အထက(၅) ကျောင်းမှ ကျောင်းသား ၆၀၊ ကျောင်းသူ ၇၅ ဦးနှင့် အမှတ်(၁)မူလတန်းလွန်ကျောင်းမှ ကျောင်းသား ၄၀၊ ကျောင်းသူ ၅၅ ဦးတို့အား ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။)

**မျိုးမင်းသိန်း (မရမ်းကုန်း)**

**သစ်တောမှန်လျှင် အသုံးဝင်**
**အစဉ်ထာဝရ ထိန်းသိမ်းကြ။**

*စာမျက်နှာ ၁၆ မှ*

တစ်ခုရဲ့ လက္ခဏာတစ်ရပ် ဖြစ်ပါတယ်။ အဖျက်ကို အဖျက်မှန်း၊ အပြုကိုအပြု မှန်းသိပြီး မှန်ရင်မှန်တယ်၊ မှားရင်မှားတယ် တိတိကျကျ ဖော်ပြနိုင်ခြင်းဟာ နားထောင်ကြည့်ရှုသူတွေရဲ့ ယုံကြည်မှုကို တိုးပွားစေပါတယ်။ ယခု TNN ရဲ့ ဖော်ပြချက်မှာ အဖျက်သမားတွေရဲ့ အဖျက်လုပ်ရပ်များစွာကို ဖုံးကွယ်ထားတဲ့အပြင် မြန်မာနိုင်ငံအစိုးရနဲ့ပြည်သူတွေရဲ့ အပြုသဘောတည်ဆောက်မှုတွေကိုလည်း ဘက်လိုက်ပြီး မျက်ကွယ်ပြုထားပြန်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အနာဂတ်ဒီမိုကရေစီအရေး ဆောင်ရွက်ချက်တွေဟာ အမြောက်အမြားရှိပြီး ဖြစ်ပါတယ်။ သမာသမတ်ကျကျနဲ့ မြင်အောင်ကြည့်ဖို့ပဲလိုပါတယ်။

## မိမိနဲ့မိမိပတ်ဝန်းကျင်ကိုလည်း မြင်အောင်ကြည့်တတ်ရန်လို

မိမိကိုယ်မိမိ အင်အားကြီးဆိုသူတွေဟာ ဩဇာတိက္ကမကြီးမားအောင် အရာရာကို ထိန်းချုပ်နေကြပါတယ်။ မိမိပါဝါတက်ဖို့ မီဒီယာအပါအဝင် စစ်ရေး၊ စီးပွားရေး၊ နည်းပညာအားနဲ့ အခြားသူများအားနည်းပြိုလဲအောင် ပြုလုပ်နေကြတယ်။ TNN အနေနဲ့ မိမိရဲ့မီဒီယာပါဝါကို ဘက်တွေကြားမျှတအောင်အသုံးပြုသင့်ပါတယ်။ အင်အားကြီးတွေရဲ့ပါဝါအားပြိုင်ပွဲမှာ ဘက်မလိုက် မျှတစွာ နေသင့်ပါတယ်။ သူများအပေါ် လက်ညှိုးထိုးတာများရင် မိမိလည်းတန်ပြန်ဒဏ်ခံရတတ်ပါတယ်။ စိတ်ကြွဆေးမှောင်ခိုအရောင်းအဝယ်နဲ့ အဖျက်လုပ်ရပ်ချည်းလုပ်နေတဲ့ ဒေသတွင်း မူးယစ်ရာဇာတွေကြောင့် ထိုင်းလူငယ်တွေ ပျက်စီးမယ့်အရေးတွေးပြီးပြည်သူတွေမြင်အောင် ချပြရပါမယ်။ မြန်မာ–ဘင်္ဂလားဒေ့ရှ်–အိန္ဒိယဘက်က မွတ်ဆလင်အရေးချည်းလည်းမကြည့်ဘဲ ဗုဒ္ဓဘာသာနိုင်ငံတစ်ခုဖြစ်တဲ့ ထိုင်းတောင်ပိုင်း မွတ်ဆလင်အရေးကိုလည်း အလေးအနက်ထားဖို့ လိုပါမယ်။ ထိုင်းနိုင်ငံနဲ့ ပတ်သက်ပြီး မြန်မာဘက်က ဝင်ရောက်စွက်ဖက်ခြင်းများ လုံးဝမရှိခဲ့သလို သင်တို့နိုင်ငံမှာ မြန်မာနိုင်ငံနဲ့ ပြည်သူတွေအပေါ် အဖျက်လုပ်ရပ်လုပ်နေသူတွေ အခြေပြုခိုအောင်း လှုပ်ရှားနေသူတွေနဲ့ ပတ်သက်ပြီးလည်း သတိတရဖော်ပြပေးမယ်ဆိုရင် မြန်မာပြည်သူတွေအနေနဲ့ လွန်စွာကျေးဇူးတင်မိမှာ ဖြစ်ပါတယ်။ ယနေ့ကာလ ကမ္ဘာကြီးဟာ အလွန်ပဲ အကဲဆတ်တယ်ဆိုတာ သတိပြုပြီး TNN အနေနဲ့မြင်အောင်ကြည့်ရမှာပါ။ အိမ်နီးချင်းနိုင်ငံတစ်ခုမှာ မတည်ငြိမ် မအေးချမ်းမှုကနေ နီးစပ်ရာ နိုင်ငံတွေဆီ အလွယ်တကူပျံ့နှံ့သွားတတ်ပြီး၊ ဒေသတွင်း ပဋိပက္ခကြီးအထိ ရောက်ရှိသွားနိုင်တဲ့ အခြေအနေများကို တွက်ဆပြီး နောက်ဆက်တွဲ အရှုပ်အထွေးတွေ ဖြစ်မလာအောင် မီဒီယာအားနဲ့ ထိန်းညှိဖော်ပြသင့်တယ်လို့ ထင်မြင်မိပါတယ်။

ထိုင်း TNN online today အနေနဲ့ ယနေ့မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေဟာ အိမ်နီးချင်း မြန်မာနိုင်ငံ ကွက်ကွက်လေးအနေနဲ့ပဲ စဉ်းစားနေလို့မရသလို စိတ်ခံစားမှုသက်သက် မီဒီယာတစ်ခုအဖြစ်လည်း မခံယူသင့်ပါဘူး။ မဖြစ်နိုင်တာတွေ စဉ်းစားတာများရင် ဖြစ်နိုင်တာတွေ ပျောက်ပြယ်သွားတတ်ပြီး သတင်းအဆိပ်ခတ်တာများသွားရင် အနိဋ္ဌာရုံတွေသာ များပြားလာနိုင်ကြောင်းကို TNN အနေနဲ့ သိထားဖို့ လိုပါမယ်။ သတင်းထောက်တွေ၊ အစီအစဉ်တင်ဆက်သူတွေအနေနဲ့ဒိုမီနို(domino) သက်ရောက်မှုသဘောတရားလောက်တော့ ပထဝီနိုင်ငံရေးကျမ်းကျေပြီးဖြစ်သင့်ပါတယ်။ နိုင်ငံတကာမှာ ဩဇာပြိုင်သူများအကြား စစ်ရိပ်စစ်ငွေ့နဲ့ တင်းမာပြင်းထန်နေတဲ့အချိန် အနေအထိုင်မတတ်ရင် ကိုယ်နေတဲ့နိုင်ငံပါ ကြားညှပ်သွားနိုင်တယ်ဆိုတာ ဒေသတွင်းဘဝတူအချင်းချင်း အမြင်ကျယ်ကျယ် မြင်တတ်ကြည့်တတ် ရပါမယ်။ အိမ်နီးချင်းမြန်မာနိုင်ငံအပေါ် မသိမသာကနေ ပေါ်ပေါ်ထင်ထင် နှောင့်ယှက်ဖျက်ဆီးလာနေတဲ့အရေးမှာ TNN အနေနဲ့ အနောက်ဩဇာခံ အသုံးချခံမီဒီယာ မဖြစ်စေလိုပါဘူး။ မိမိကြောင့် အနုတ်သဘောဆောင်တဲ့ ကမ္ဘာ့အခင်းအကျင်းမျိုးအထိ ဖြစ်မသွားအောင် သမာသမတ်ကျသင့်ပါတယ်။ နောက်ဆုံးပြောချင်တဲ့အချက်တစ်ခုက ဒီမိုကရေစီနိုင်ငံတစ်ခုက သတင်းဌာနတစ်ခုအနေနဲ့ ဒီမိုကရေစီရဲ့တန်ဖိုးကို ကိုယ့်ကြောင့်ပျက်စီးသွားခြင်းမျိုး မဖြစ်အောင် ဂရုပြုဖို့ လိုတယ်ဆိုတဲ့အချက်ပါပဲ။ သင်တို့ ကြိုက်ပါတယ်ဆိုတဲ့ ဒီမိုကရေစီရဲ့ အန္တရာယ်ရန်ကို မီဒီယာအားနဲ့ အကောင်းဆုံးကာကွယ်နိုင်ပါစေဟူ၍သာ မှတ်ချက်ပြုလိုက်ပါ့မယ်။ ။




# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အဆိုပါတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဖိတ်ကြားထားသူများ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာ မြတ်လွင်က ဘာသာရပ်အလိုက် ပညာရည်ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ကိုးဦးကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မြတ်လွင်က ရေယာဉ်တည်ဆောက်မှုအင်ဂျင်နီယာဘွဲ့ရ ၂၇ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ရ ၃၅ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ရ ၂၉ ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ရ လေးဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်အင်ဂျင်နီယာဘွဲ့ရ ၁၆ ဦး၊ ရေကြောင်း စက်မှုအင်ဂျင်နီယာဘွဲ့ရ ၁၂ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူးဘွဲ့ရ ရှစ်ဦး ၊ ရေကြောင်းသိပ္ပံဘွဲ့ရ နှစ်ဦး၊ သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု၊ ဆိပ်ကမ်းစီမံခန့်ခွဲမှုနှင့် ထောက်ပံ့သယ်ယူပို့ဆောင်ရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ရရှိသူ ၇၆ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၂၀၉ ဦး တို့ကို သက်ဆိုင်ရာ ဘွဲ့လက်မှတ်နှင့် ဒီပလိုမာဘွဲ့ လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အား ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ ဘွဲ့နှင်းသဘင်အခမ်းအနားကို (၁၇)ကြိမ် ကျင်းပခဲ့ရာ ရေကြောင်းဘက်ဆိုင်ရာ အင်ဂျင်နီယာဘွဲ့ ၃၃၂၅ ဦးနှင့် သိပ္ပံဂုဏ်ထူးနှင့် သိပ္ပံဘွဲ့ရ ၁၁၇၉ ဦး၊ ဒီပလိုမာဘွဲ့ရရှိသူ ၁၁၉၀၊ အင်ဂျင်နီယာဒီပလိုမာဘွဲ့ရရှိသူ ၁၁ ဦးနှင့် မဟာဘွဲ့ရရှိသူ ၂၂ ဦး စုစုပေါင်း ဘွဲ့ရရှိသူ ၅၇၂၇ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးနယ်မြေ ကျောက်ဆည်နှင့် မြစ်သားမြို့နယ်များတွင် မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီးနယ်မြေ မဲဆန္ဒရှင် ပြည်သူများ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ် မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်ကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကျောက်ဆည်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၉၇ ခုမှ ပြည်သူ ၃၅၀၊ မြစ်သားမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၉၂ ခုမှ ပြည်သူ ၃၀၅ ဦး စုစုပေါင်း ၆၅၅ ဦး တက်ရောက်ပြီး လက်တွေ့ စမ်းသပ် မဲပေး လေ့လာကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့ စမ်းသပ်မဲပေးကြသည်။ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး လေ့လာခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# Expo 2023 Doha ကုန်စည်ပြပွဲ၏ မြန်မာနေ့အခမ်းအနားကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၇**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပလျက်ရှိသော Expo 2023 Doha တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြန်မာပြခန်းဆောင်ကို ပါဝင်ပြသလျက်ရှိပြီး Expo 2023 Doha ၏ မြန်မာနေ့အခမ်းအနားကို ယနေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့ Al B Park ရှိ Expo House ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဉ်မူတာကပေါ၊ Expo 2023 Doha ၏ Secretary General Mr. Mohamed alkoori နှင့် ပြပွဲတွင်ပါဝင်ပြသသည့် နိုင်ငံများမှ Commissioner General များ တက်ရောက်ကြသည်။

မြန်မာနေ့အခမ်းအနားကို ဒေသစံတော်ချိန် ညနေ ၄ နာရီ၌ ကျင်းပရာ ဦးစွာ မြန်မာနိုင်ငံတော်သီချင်းနှင့် ကာတာနိုင်ငံတော်သီချင်းများကို ဖွင့်လှစ်၍ နှစ်နိုင်ငံအလံများကိုလွှင့်ထူပြီး မြန်မာ့ယဉ်ကျေးမှု အကပဒေသာဖြင့် ဖျော်ဖြေတင်ဆက်သည်။ ယင်းနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားပြီး ဧည့်သည်တော်များက မြန်မာပြခန်းဆောင်နှင့် ကာတာပြခန်းဆောင်တို့ကို လှည့်လည်ကြည့်ရှုသည်။

Expo 2023 Doha ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၃၁ ရက်အထိ ခြောက်လကြာ ကျင်းပလျက်ရှိပြီး ပြပွဲကာလအတွင်း မြန်မာပြခန်းဆောင်ကို TREASURE CAP Company မှ မြန်မာနိုင်ငံကိုယ်စားပြု ပါဝင်ပြသလျက်ရှိကြောင်းနှင့် မြန်မာပြခန်း၌ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်များ၊ ကျောက်မျက်ရတနာပစ္စည်းများ၊ မြန်မာ့သဘာဝမျိုးရင်း သစ်ခွများနှင့် ရေထွက်ကုန်ပစ္စည်းများ ပြသလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိတဲ့ အာရှဖလားပြိုင်ပွဲမှာ အုပ်စုတွင်း ယှဉ်ပြိုင်မှုတွေ ပြီးဆုံးသွားခဲ့ပြီ ဖြစ်ပါတယ်။ အုပ်စုတွင်းပွဲစဉ်တွေ ပြီးဆုံးချိန်မှာ အိမ်ရှင် ကာတာ အပါအဝင် နာမည်ကြီးအသင်းတွေ နောက်တစ်ဆင့်ကို တက်လှမ်းနိုင်ခဲ့ပါတယ်။ ယနေ့ ဇန်နဝါရီ ၂၈ ရက်မှာ အာရှဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်မှ ဩစတြေးလျနဲ့ အင်ဒိုနီးရှား၊ တာဂျစ်ကစ္စတန်နဲ့ ယူအေအီးအသင်းပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။**

# အင်ဒိုနီးရှားအသင်း နာမည်ကြီး ဩစတြေးလျကို အနိုင်ယူကျော်ဖြတ်နိုင်မလား

**ဩစတြေးလျ VS အင်ဒိုနီးရှား**

တနင်္ဂနွေနေ့ | အာရှဖလား | ည - ၆း၀၀

အင်ဒိုနီးရှားက အုပ်စုတွင်းမှာ သုံးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ်သုံးမှတ်နဲ့အတူ အကောင်းဆုံးအုပ်စု တတိယရရှိကာ ၁၆ သင်းအဆင့်ကို တက်လှမ်းလာတာ ဖြစ်တယ်။ ဩစတြေးလျက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရှုံးပွဲမရှိဘဲ ရမှတ် ၇ မှတ်နဲ့အတူ အုပ်စုပထမနဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းလာတာ ဖြစ်တယ်။

နှစ်သင်းကြား ခြေစွမ်းကွာဟမှု ကြီးကြီးမားမားရှိတယ်ဆိုပေမယ့် အင်ဒိုနီးရှားအနေနဲ့ ဩစတြေးလျအသင်းကို အနိုင်ရဖို့ ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားလာမှာ သေချာတယ်။ ဩစတြေးလျအသင်းကလည်း ရရှိလာတဲ့ အခွင့်အရေးကို အသုံးမချနိုင်ခဲ့ရင် ပေးဆပ်မှုကြီးမားသွားနိုင်တယ်။ ဘက်စုံထောင့်စုံ အားနည်းတဲ့ အင်ဒိုနီးရှားအသင်းကို နာမည်ကြီး ဩစတြေးလျအသင်း အလွယ်တကူ နိုင်ပွဲရယူကာ နောက်တစ်ဆင့်တက်လှမ်းသွားမလား သို့မဟုတ် မထင်မှတ်ဘဲ အင်ဒိုနီးရှားအသင်းက အနိုင်ရရှိသွားလား စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**တာဂျစ်ကစ္စတန် VS ယူအေအီး**

တနင်္ဂနွေနေ့ | အာရှဖလား | ည - ၁၀း၃၀

တာဂျစ်ကစ္စတန်အသင်းက အုပ်စုဒုတိယနေရာနဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းလာတာဖြစ်သလို ယူအေအီးကလည်း အုပ်စုဒုတိယနဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းလာတာ ဖြစ်တယ်။ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရသော်လည်းကောင်း၊ လက်တလောခြေစွမ်းအရသော်လည်းကြောင်း တာဂျစ်ကစ္စတန်အသင်းထက် ယူအေအီးအသင်းက များစွာသာလွန်မှုရှိတယ်။

တာဂျစ်ကစ္စတန်က ခံစစ်အားကောင်းပြီး ပြိုင်ဘက်ယူအေအီးက တိုက်စစ်အားကောင်းတယ်။ ဒါကြောင့် ယခုပွဲစဉ်က ခံစစ်နဲ့ တိုက်စစ်အားပြိုင်မယ့်ပွဲစဉ်အဖြစ်ရှိနေပြီး ဘယ်အသင်းက နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်လှမ်းသွားမလဲ စိတ်ဝင်စားဖွယ်ရာပင်။

တာဂျစ်ကစ္စတန်နဲ့ ယူအေအီးအသင်းတို့ထဲက အနိုင်ရရှိမယ့်အသင်းအနေနဲ့ နောက်တစ်ဆင့်မှာ အီရတ်နဲ့ ဂျော်ဒန်အသင်းတို့ထဲမှ အနိုင်ရရှိမယ့်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်တယ်။ **မိုးဇက်**

# ကလောမြို့အနီး ဘီလူးချောင်းရေထဲမှာ အနားယူနိုင်မယ့် အေးချမ်းမြေအပန်းဖြေစခန်း

ယဉ်လာဒ်



**ရှမ်း**ပြည်နယ်(တောင်ပိုင်း)က ကလောမြို့လေးဟာ ခရီးသွားဧည့်သည်တွေ အများဆုံးသွားရောက်လည်ပတ်ကြတဲ့ အပန်းဖြေစခန်းမြို့လေး ဖြစ်ပါတယ်။ ကလောမြို့လေးကို လာရောက်လည်ပတ်ကြတဲ့ ခရီးသွားချစ်သူတို့အတွက် ကလောမြို့ရဲ့ အထွက်နားမှာရှိပြီး စိတ်အေးလက်အေး အနားယူလို့ရမယ့် အပန်းဖြေစခန်းတစ်ခုကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြမိတ်ဆက်ပေးချင်ပါတယ်။

အေးချမ်းမြေလို့ အမည်ပေးထားတဲ့ အပန်းဖြေစခန်းလေးက နာမည်လေးနဲ့လိုက်အောင် တကယ့်ကို အေးချမ်းတဲ့နေရာလေးပဲ ဖြစ်ပါတယ်။ "ဘီလူးချောင်းကိုအခြေပြုပြီး အပန်းဖြေစခန်းကို ဖွင့်လှစ်ထားတာဖြစ်ပါတယ်။ ရေပေါ်တဲအိမ် ၁၄ လုံးနဲ့ ကုန်းပေါ်တဲအိမ် ၁၉ လုံးကို ထားရှိပေးထားပြီး ဓာတ်ပုံရိုက်ကူးနိုင်တဲ့ ရှုခင်းကောင်းကောင်း နေရာတွေကို ဖော်ဆောင်ပေးထားတယ်"လို့ အေးချမ်းမြေအပန်းဖြေစခန်းမှ တာဝန်ရှိသူတစ်ဦးက စာရေးသူကို ပြောပါတယ်။

## တစ်နေကုန်အနားယူလို့ရတဲ့ အပန်းဖြေစခန်း

ကလောမြို့မှာ အထင်ကရ လည်ပတ်စရာနေရာတွေ များစွာရှိပါတယ်။ အဲဒီအထဲကမှ ရှန်ဘာလာဇျူးပွိုင့်၊ City View၊ သိမ်တောင်၊ Hill top Villa၊ မနေ့လှ၊ ကလောဇျူးပွိုင့်၊ Kalaw Cafeyard၊ အိုးစည်တောင်၊ ဖျိုက်တောင်၊ ပင်းတယ – ရွာင်အသွားလမ်း၊ မြင်းမူကုန်းနဲ့ အလွမ်းတောင် စတဲ့ နေရာတွေကတော့ ပြည်တွင်းခရီးသွားဧည့်သည်တွေ သဘောကျတဲ့နေရာတွေ ဖြစ်ပါတယ်။ အေးချမ်းမြေအပန်းဖြေစခန်းကတော့ တစ်နေကုန်အနားယူလို့ရတဲ့ အပန်းဖြေစခန်းတစ်ခု ဖြစ်ပါတယ်။

''အပြင်ကနေ အစားအသောက်ယူလာလို့ ရပါတယ်။ အရက်ကိုတော့ လက်မခံပါဘူး။ တစ်နေကုန်နေလို့ရပါတယ်။ လက်ရှိအချိန်က ပွင့်လင်းရာသီ လည်းရောက်ပြီမို့ ဘီလူးချောင်းရေကလည်း ကြည်လင်လာပါပြီ။ ရေကလည်း တိမ်ပါတယ်။ လာရောက်အပန်းဖြေကြတဲ့ဧည့်သည်တွေက တစ်နေ့ကို လူဦးရေ ၅၀ ကနေ ၁၀၀ ကြားတော့ လာရောက်လည်ပတ်ကြပါတယ်။ ပိတ်ရက်ဆိုရင်တော့ ပိုများပါတယ်"လို့ သူက ဆက်ပြောပါတယ်။

အေးချမ်းမြေအပန်းဖြေစခန်းဆီကို သွားရောက်လည်ပတ်ချင်ရင် အောင်ပန်းမြို့ကို သွားတဲ့လမ်းအတိုင်းသွားပြီး ကလောအထွက် ပင်လောင်း-လွိုင်ကော်လမ်းမအတိုင်း သွားရောက်နိုင်ပါတယ်။ စာရေးသူကတော့ ကလောကနေ ဆိုင်ကယ်နဲ့ သွားတာဖြစ်ပြီး မိနစ် ၃၀ ကျော်လောက် မောင်းရပါတယ်။ ကားနဲ့သွားရင်တော့ ပိုပြီးအချိန်ကုန်သက်သာနိုင်ပါတယ်။ မြင်းမထိရွာကိုကျော်ပြီး ပင်လောင်းမြို့အဝင် ဆိုင်းဘုတ်ရောက်ခါနီး တံတားထိပ်မှာ ဘယ်ဘက်ချိုးတာနဲ့ အေးချမ်းမြေ အပန်းဖြေစခန်းဆီကို ရောက်ရှိမှာဖြစ်ပါတယ်။



အပန်းဖြေစခန်း ကုန်းမြေပေါ်၌ တည်ဆောက်ထားသော တဲအိမ်များ။

## ဖောင်သဖွယ်ဆောက်လုပ်ပေးထားတဲ့ တဲတွေ

ဝင်ကြေးကတော့ တစ်ဦးကို ကျပ်တစ်ထောင်သာဖြစ်ပြီး ကားထားနိုင်မယ့် နေရာတွေကိုလည်း စီစဉ်ပေးထားပါတယ်။ ခနိမိုးထားတဲ့ လေးဖက်ပွင့် ရေပေါ်တဲအိမ်လေးတွေကို လှေကားရဲ့ တစ်ဖက်စီမှာ အစီအရီထားရှိပေးထားပါတယ်။ ဘီလူးချောင်းထဲ စီးဆင်းနေတဲ့ ရေတွေကတော့ ကြည်လင်နေပြီး ရေစီးလည်းသန်သလို အေးစိမ့်နေတာကြောင့် အပေါ်ဘက်မှာပူသော်ငြား ချောင်းစပ်နားကို ရောက်ရင်တော့ အေးမြမှုကို ရရှိစေပါတယ်။

ချောင်းထဲမှာ ဖောင်သဖွယ် ဆောက်လုပ်ပေးထားတဲ့ တဲတွေရှိတာကြောင့် မိမိကြိုက်နှစ်သက်တဲ့ တဲအိမ်ပေါ်မှာ အေးအေးဆေးဆေးနားနေနိုင်ပြီး အစားအသောက်တွေကိုလည်း မှာယူစားသောက်နိုင်ပါတယ်။ ရှမ်းစားစရာတွေအပြင် အကင်၊ အကြော်၊ အလှော်နဲ့ တရုတ်အစားအစာတွေကို ရရှိနိုင်ပါတယ်။ တစ်ခါတလေ ချောင်းငါးတွေရတဲ့အချိန်နဲ့ ကြုံကြိုက်ရင် ဟင်းချိုကိုလည်း ရရှိနိုင်ပါသေးတယ်။

အပျော်အပန်းဖြေစရာ Activity အနေနဲ့ ချောင်းတွင်းမှာ ဖိုက်ဘာလှေစီးလို့ရအောင်လည်း ဝန်ဆောင်မှုပေးထားပါတယ်။ လှေတစ်စင်းကို တစ်နာရီကို ကျပ်ငါးထောင်နဲ့ စီးလို့ရပါတယ်။ ရေစီးနည်းနည်းသန်ပေမယ့် ရေတိမ်တာကြောင့် ကလေးတွေပါ စိတ်ကြိုက်ဆော့ကစားနိုင်ပါတယ်။ သစ်ပင်ရိပ်တွေ အများကြီးရှိတာမို့ အရိပ်ကောင်းကောင်းနဲ့ နားနေနိုင်တဲ့နေရာလေး ဖြစ်ပါတယ်။ အပေါင်းအသင်းတွေနဲ့ ပျော်ပျော်ပါးပါး အပန်းဖြေချင်လို့ပဲဖြစ်ဖြစ်၊ မိသားစုလိုက် စိတ်အေးလက်အေး အပန်းဖြေချင်လို့ပဲဖြစ်ဖြစ် တော်တော်အဆင်ပြေတဲ့ နေရာတစ်ခုပဲ ဖြစ်ပါတယ်။

## တစ်ဆင့်သွားရောက်လည်ပတ်နိုင်

အေးချမ်းမြေအပန်းဖြေစခန်းမှာနားရင်း စခန်းနဲ့ သိပ်မဝေးလှဘဲ မိနစ်အနည်းငယ်သွားလိုက်ရုံနဲ့ ကလောမြင်းမထိသဘာဝလိုဏ်ဂူဆီကို သွားရောက်လည်ပတ်နိုင်ပါသေးတယ်။ နောက်ပြီး မြင်းမထိဂူအနီးအနားက ရှုခင်းလှပြီး ဓာတ်ပုံရိုက်ကြတဲ့ ဖျိုက်တောင်ပေါ်တက်ပြီး ဓာတ်ပုံရိုက်လို့ရပါသေးတယ်။ ဒါ့အပြင် ပင်လောင်းမြို့နဲ့လည်း နီးနေတာမို့ အပန်းဖြေစခန်းကနေတစ်ဆင့် သွားရောက်လည်ပတ်နိုင်ပါသေးတယ်။

ပင်လောင်းမြို့လေးဟာလည်း ပအိုဝ်းလူမျိုးတွေ အများဆုံးနေထိုင်ကြပြီး၊ ဒေသခံတွေက ဖြူစင်ရိုးသားပြီး စိတ်ထားကောင်းကြပါတယ်။ ပင်လောင်းမြို့မှာ လည်ပတ်စရာအနေနဲ့ အမြင့်ဆုံးတောင်ဖြစ်တဲ့ လွယ်မောင်းတောင်ကို တက်ရောက်နိုင်ပါတယ်။ တောင်ထိပ်အထိ ကား/ဆိုင်ကယ်တွေနဲ့ တက်လို့ရပြီး တောင်ထိပ်ကနေ ပတ်လည်ရှုခင်းတွေကို တွေ့မြင်နိုင်တာမို့ မဖြစ်မနေသွားရောက်လည်ပတ်သင့်တဲ့ နေရာတစ်ခုဖြစ်ပါတယ်။ ဒါ့အပြင် လုံးနဂါးပတ်ဘုရားဆီကိုလည်း သွားရောက်ဖူးမြော်နိုင်ပြီး ဝင်္ဂဘာတောင်လိုဏ်ဂူနဲ့ ရသေ့ဂူဆီကိုလည်း သွားရောက်လည်ပတ်နိုင်ပါသေးတယ်။

ပြည်တွင်းခရီးသွားတွေအနေနဲ့ ကလောမြို့ကိုပဲရောက်ရောက်၊ အောင်ပန်းမြို့ကိုပဲ ရောက်ရောက် ကလောမြို့အထွက်နား မြင်းမထိလိုဏ်ဂူနဲ့အနီးဆုံး ပင်လောင်းမြို့အဝင်လေးမှာတည်ရှိပြီး ဘီလူးချောင်းကို အခြေပြုဖွင့်လှစ်ထားတဲ့ အေးချမ်းမြေအပန်းဖြေစခန်းဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ပါတယ်။ ။





ဘီလူးချောင်းရေပြင်အတွင်း ဖောင်သဖွယ်ဆောက်လုပ်ထားသော ရေပေါ်တဲအိမ်ငယ်များ။

**ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/B(နံ့သာကုန်း)၊ မြေကွက်အမှတ် (၂၂/က)၊ (လူနေရပ်ကွက်အခေါ်ဝေါ် အမှတ်(၄၉၈)၊ ရွှေပြည်အေးလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့) အကျယ်အဝန်း ဧရိယာ (၀.၀၉၄)ဧကရှိ B-လ/န၃၉ (အိမ်ရာမြေသတ်မှတ်) မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျယ်အဝန်း (၃၀' x ၄၀')ရှိBN(၂)ထပ်အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် B-လ/န ၃၉ (အိမ်ရာမြေသတ်မှတ်)မြေအမျိုးအစားဖြင့် ဦးဝင်းဟို(ခ)ဝင်းအောင် (၁၂/လမန(နိုင်)၁၁၂၈၁၂)အမည်ဖြင့် ထွက်ရှိထားသည့် မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်မှ မိမိကိုယ်တိုင် တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ် အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အဆောက်အဦအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညီမှာ( LL.B )၊ အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)**
**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**




**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလွင်မင်းကို(ဘ)ဦးနိုင်ဝင်း (၁၂/ခရန(နိုင်)၁၅၉၆၀၈) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလွင်မင်းကို (ဘ)ဦးနိုင်ဝင်း(၁၂/ခရန(နိုင်)၁၅၉၆၀၈) နှင့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ ပေါင်းသင်းနေစဉ် အချိန်ကာလအတွင်း ခင်ပွန်းသည်မသိအောင် ငွေကြေးအလွဲသုံးစားမှုများ အကြိမ်ကြိမ်ပြုလုပ်နေသူဖြစ်သည့်အတွက် ခင်ပွန်းသည်မှ လိုက်လံဖြေရှင်းခဲ့သော်လည်း ခင်ပွန်းသည်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ (၂၆-၁-၂၀၂၄) ရက်တွင် မိမိတို့ပေါင်းသင်းနေထိုင်ရာမှ ၎င်း၏ သဘောဆန္ဒအတိုင်း ထွက်ခွာသွားခဲ့ပါသည်။ ထို့ကြောင့်ဒေါ်ဖူးဖူးထက်၏ကိုယ်ပိုင်သဘောဆန္ဒအတိုင်း ပြုလုပ်ဆောင်ရွက်မှုများသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလွင်မင်းကိုနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း၊ ဇနီးသည်အဖြစ်မှ အပြီးတိုင်ပြတ်စဲပြီးဖြစ်ကြောင်း၊ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စအဝဝကိုမျှ ဦးလွင်မင်းကိုက တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးလွင်မင်းကို**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲဆုဇာခြည်သိမ့်**
**LL.B,D.B.L,D.I.L,(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၄၆)**
**အမှတ်(၃၇)၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၅၉၇၉၁၂၆**

❖ *ကျောဖုံးမှ*

မန်စီးတီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။ စပါးအသင်းသည် မန်စီးတီးအသင်းဘက်သို့ ပွဲချိန်တစ်လျှောက် စုစုပေါင်း ဂိုးကန်သွင်းခွင့် တစ်ကြိမ်သာ ပြုလုပ်နိုင်သည်။ မန်စီးတီးအသင်းက ဂိုးကန်သွင်းခွင့် ၁၈ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ငါးကြိမ်အထိ ရှိခဲ့သည်။

ယခုရှုံးပွဲကြောင့် စပါးအသင်းသည် ယခုနှစ်ရာသီတွင် ဖလားဆွတ်ခူးနိုင်ရေးအတွက် ပရီမီယာလိဂ်ကို အာရုံစိုက်ကစားရတော့မည်ဖြစ်သည်။ သို့သော်လည်း စပါးအသင်းသည် ပရီမီယာလိဂ်တွင် ဦးဆောင်သူ လီဗာပူးအသင်းနှင့် ရှစ်မှတ်အကွာ အဆင့်(၅) နေရာတွင် ရပ်တည်နေသည်။

ယခုပွဲစဉ်တွင် ပြိုင်ဘက်ကို တစ်ဖက်သတ်ဖိအားပေးကစားပြီး နိုင်ပွဲရယူကာ နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သော မန်စီးတီးအသင်းသည် ပရီမီယာလိဂ်တွင် ဦးဆောင်သူ လီဗာပူးကို အနီးကပ်ဖိအားပေးလျက်ရှိပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း နောက်တစ်ဆင့် တက်လှမ်းထားနိုင်သောကြောင့် ဖလားသုံးလုံးဆွတ်ခူးရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီဖြစ်သည်။ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် နသန်အကီက သွင်းယူပေးနိုင်ခဲ့သည်။

အခြားသော အက်ဖ်အေဖလားပွဲစဉ်ရလဒ်များတွင် ဘရစ္စတိုးစီးတီးက နော်တင်ဟမ်ကို ဂိုးမရှိ သရေ၊ ချယ်ဆီးနှင့် အက်စ်တွန်ဗီလာကို ဂိုးမရှိသရေ၊ ရှက်ဖီးလ်ဝက်နက်စ်ဒေးနှင့် ကိုဗင်ထရီအသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။ လူတန်က အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုး၊ လက်စတာက ဘာမင်ဂမ်ကို သုံးဂိုး-ဂိုးမရှိ၊ ရှက်ဖီးကို ဘရိုက်တန်က လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**

# MFF ဖူဆယ်လိဂ် - ၂ ပြိုင်ပွဲ ပွဲစဉ် (၇) အပြီးတွင် TG United အသင်း ဆက်လက်ဦးဆောင်

**ရန်ကုန် ဇန်နဝါရီ ၂၇**

MFF ဖူဆယ်လိဂ် - ၂ ပြိုင်ပွဲ ပွဲစဉ် (၇) ကို ဇန်နဝါရီ ၂၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ TG United အသင်း ဆက်လက်ဦးဆောင်လျက်ရှိသည်။

TG United အသင်းက SGF အသင်းကို သုံးဂိုး - တစ်ဂိုး၊ Sun Far အသင်းက KKY အသင်းကို လေးဂိုး - နှစ်ဂိုး၊ YRG အသင်းက Seven အသင်းကို ခုနစ်ဂိုး - ဂိုးမရှိ၊ ရွှေပြည်သာအသင်းက M-Million အသင်းကို ခုနစ်ဂိုး - သုံးဂိုးဖြင့် အနိုင်ရပြီး Noka United အသင်းနှင့် Black Cross အသင်းတို့ နှစ်ဂိုးစီ သရေ၊ Maryar အသင်းနှင့် Golden Yoma အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ် (၇) အပြီးတွင် TG United အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိပြီး YRG အသင်းက ၁၇ မှတ်၊ Sun Far အသင်းက ၁၅ မှတ်၊ Black Cross အသင်းနှင့် ရွှေပြည်သာအသင်းက ၁၃ မှတ်စီ၊ SGF အသင်းက ၁၀ မှတ်၊ KKY အသင်းနှင့် Golden Yoma အသင်းက ကိုးမှတ်စီ၊ Maryar အသင်းက ခုနစ်မှတ်၊ M-Million အသင်းက ခြောက်မှတ်၊ Seven အသင်းက သုံးမှတ်၊ Noka United အသင်းက တစ်မှတ်သာ ရရှိထားသည်။

**ညီမြတ်သော်တာ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၇၊ ဦးပိုင်အမှတ် (၉၅)၊ ၁၁၀ x ၁၁၁ ကြား၊ ၄၇ x ၄၈ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြကြွယ်(ခ)ဒေါ်ခင်အေးကြွယ် ၇/ပခန(နိုင်) ၁၂၁၈၆၇ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၀၇၄/၂၀၁၄) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နှင်းနွယ်စိုး ၈/မမန(နိုင်)၁၇၂၉၁၈က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် လလ-၉၃၊ ဦးပိုင်အမှတ် (၄၁+၄၂)၊ ၄၉X ၅၀လမ်း၊ ၁၄၂ x ၁၄၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်လေးမော်၏ (SP ရရှိသူ ဦးကျော်ထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၉၅၁/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်နွဲ့ရီ ၅/ဟမလ(နိုင်)၀၃၀၇၈၈ က အမှုတွဲအမှတ် ၆၈၀၂/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ ဦးပိုင်အမှတ် ( ၁၃/၄.ခ / ၇၈.က )၊ ၆၂ လမ်း၊ ၃၅ x ၃၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်အောင်(ခ) ဦးအိုက်ရှန် ၉/မရမ(နိုင်)၀၃၈၉၉၆ ၏ (SP ရရှိသူ ဦးကျော်ငွေ) က အမှုတွဲအမှတ် ၆၈၁၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် မ-၅၊ ဦးပိုင်အမှတ် (၂)၊ လမ်း၆၀၊ သိပ္ပံ x ၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်အောင်(ခ)ဦးအိုက်ရှန် ၉/မရမ(နိုင်)၀၃၈၉၉၆၊ ဒေါ်အာဝူး ၉/မရမ(နိုင်)၀၇၇၉၂၁ တို့၏ (SPရရှိသူ ဦးကျော်ငွေ)က အမှုတွဲအမှတ် ၆၇၉၆/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် ၄၁၃/၃၊ ဦးပိုင်အမှတ် ( ၁၃/၄.က / ၇၈.က )၊ ၃၅ x ၆၂လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်အောင်(ခ)ဦးအိုက်ရှန် ၉/မရမ(နိုင်)၀၃၈၉၉၆ ၏ (SP ရရှိသူ ဦးကျော်ငွေ)က အမှုတွဲအမှတ် ၆၈၁၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ (၂၀၂၃-၂၀၂၄)ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများအား ဝယ်ယူရန် အိတ်ဖွင့်တင်ဒါအမှတ်-20DMS/2023-2024(L)ဖြင့် ခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - (၂၉-၁-၂၀၂၄) ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - (၁၃-၂-၂၀၂၄) ရက်၊ မွန်းတည့်(၁၂:၀၀) နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၃၄၁၁၁၅၄၄၊ ၀၆၇-၃၄၁၁၆၃၄

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလွကုန်းဌေးကြွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်-၆၆၊ (မြေညီ/ညာ)၊ အကျယ်အဝန်း (၁၄ပေx၆၀ပေ) တိုက်ခန်းကို ဦးလှဌေး (၁၂/ကတတ(နိုင်)၀၁၀၃၈၀)မှ ပိုင်ဆိုင်အကျိုးခံစားခွင့်နှင့် အခွင့်အရေးအရပ်ရပ်ရှိပြီး လက်ဝယ်ရှိလျက် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း တာဝန်ယူကာ ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ ဝယ်ယူရန်လက်ခံ၍ ၂၃-၁-၂၀၂၄ ရက်တွင် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိကြောင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် အောက်ပါလိပ်စာသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ တိုက်ခန်းအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူညွန့်**
**B.A, H.G.P, D.B.L, D.M.L အထက်တန်းရှေ့နေ**
**အမှတ်-၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ရပ်ကွက်၊ အကွက်အမှတ် မ-၅၊ ဦးပိုင်အမှတ် (၁)၊ ၆၁ လမ်း၊ သိပ္ပံ x ၄၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်အောင်(ခ) ဦးအိုက်ရှန် ၉/မရမ(နိုင်)၀၃၈၉၉၆၊ ဒေါ်အာဝူး ၉/မရမ(နိုင်)၀၇၇၉၂၁ တို့၏ (SP ရရှိသူ ဦးကျော်ငွေ)က အမှုတွဲအမှတ် ၆၈၀၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၂၇၊ ဦးပိုင်အမှတ် (၁၁)၊ ၆၂ လမ်း၊ ၅၈ x ၅၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးပြေသိန်း ၉/မရတ(နိုင်) ၀၀၅၉၃၀၊ ဒေါ်သန်းသန်းနွဲ့ ၉/မရတ(နိုင်)၀၀၅၉၃၁ တို့၏ (SP ရရှိသူ ဦးသိန်းသောင်းဦး)က အမှုတွဲအမှတ် ၆၈၁၄/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁.က(ခဲစင်း)၊ ၄၇ x ၄၈ လမ်းကြား၊ ၁၁၃ Xx ၁၁၄လ မ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)က အမှုတွဲအမှတ် ၆၈၂၃/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၇၊ ဦးပိုင်အမှတ် ၁-က(ခဲစင်း)၊ ၄၇ x ၄၈ လမ်းကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်မြတ် ၁၂/ဥကတ(နိုင်)၀၂၃၀၃၉ ၏ (SP ရရှိသူ ဦးအောင်ကျော်စိုး)က အမှုတွဲအမှတ် ၆၈၂၂/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၂၁၉၀၄, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအင်လှိုင် ၆/လလန(နိုင်)၀၀၆၅၇၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၈၇၅၉၄, Honda Wave-100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရဲဝေအောင် ၆/ပလန(နိုင်)၀၉၆၁၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/5624,Toyota Dyna XZU-341, Truck(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးလှအောင် ၁၂/လကန(နိုင်)၁၃၉၄၆၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)ရန်ကုန်မြို့**

## ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 56W/59116, TVS (DAZZ), M/C အား ဘူးသီးတောင်မြို့၊ အမှတ် (၆)ရပ်ကွက်နေ ဒေါ်စုယဉ်အောင် ၁၁/ဘသတ(နိုင်)၀၃၂၁၂၅ မှ ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ်(၄/ရှမ်းခါးရိုး)၊ ဦးပိုင်(၃၀၃/၃၇၀)၊ ဧရိယာ(၀.၂၃၈)ဧက အမှုတွဲအမှတ် ၁၄၉၀-၅/၁၉၉၀-၁၉၉၁ ဖြင့် ဦးစိုးညွှန့်၊ အယ်လ်အက်စ်အို-၁၁၁၆၀၇ အမည်ပေါက်မြေကွက်၏ မူလဧရိယာ(၀.၂၃၈)ဧကအနက် မြေကွက်၏တစ်စိတ်တစ်ဒေသဖြစ်သော ဧရိယာ(၀.၀၆၄)ဧကအား စာချုပ်အမှတ်(၉/၂၀၂၄)ဖြင့် ဒေါ်ရှယ်ဂျာတောင် ၁၃/နမတ(နိုင်)၀၅၅၃၂၅ထံ ရောင်းချပေးပြီးဖြစ်၍ ဒေါ်ရှယ်ဂျာတောင်မှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထား လာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## အမည်ပြောင်း

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်နေ ရွှေပင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9 မှ (ဘ)ဦးစိုင်းဇော်ထွန်း ၁၁/စတန(နိုင်)၀၃၆၂၄၀၏သား မောင်ကောင်းဌေးဇော်အား မောင်ဝေယံမင်းအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဝေယံမင်းအောင်**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်နိုင် ၁၃/လရန(နိုင်)၂၁၅၉၇၅ ၏ နိုင်ငံကူးလက်မှတ် ( မမှတ်မိ) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၇၇၉၅၄၅၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၁၉)၊ ဦးပိုင်အမှတ် (၁၇.င)၊၃၃x၃၄လမ်း၊ ၆၂x၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ခင်ဝင်း ၉/မရမ(နိုင်)၀၄၃၈၈၁၏(SPရရှိသူ ဒေါ်ရီရီဆွေ)က အမှုတွဲအမှတ် ၆၈၂၁/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်၅၁၄/၄၊ ဦးပိုင်အမှတ် (၂၀၂)/၅၈လမ်း၊ ၂၆x၂၈လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအိုက်ယီ ၁၃/နခန(နိုင်)၀၃၃၆၉၉၏(GPရရှိသူ ဦးအိုက်စိုင်း)က အမှုတွဲအမှတ် ၆၇၉၂/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၄၈)၊ ဦးပိုင်အမှတ် (၃၄.ခ)၊၁၉x၂၂လမ်း၊ ၅၈x ရေနီမြောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်ရီ ၏(GPရရှိသူ ဒေါ်ဟေမာဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၀၅၉/၂၀၂၃)ဖြင့်ဝယ်ယူခဲ့သူ ဦးဝင်းကြိုင်(ခ)ဦးလှသိန်း ၁၂/ဗဟန(နိုင်)၀၆၈၃၁၄က အမှုတွဲ အမှတ် ၆၇၈၉/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ် ၁၇၉၊ ဦးပိုင်အမှတ် ၁၁-က+၁၁.င အတွင်းမှ ခဲစင်းပြ(၁၁.က) ခဲစင်း၊ ၈၄လမ်း၊ ၂၅x၂၆လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်စိန်ရီ(ခ)ဆိုင်ပုံ၊ ဒေါ်သန်းရီတို့၏(SPရရှိသူ ဒေါ်သီတာမိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်( ၃၄၄၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးတင်မောင်လတ်(ခ)ဟော်ရင်းကွေ့ ၉/မရမ(နိုင်)၀၄၆၇၂၆ က အမှုတွဲအမှတ် ၀၇၃၈/ဘ(ခွဲ၊ ပြောင်း)/၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်ကွက်၊ အကွက်အမှတ် (၁၇၉)၊ ဦးပိုင်အမှတ် ၁၁.က+၁၁-င အတွင်းမှ ခဲစင်းပြ(၁၁-င) ခဲစင်း၊ ၈၄ လမ်း၊ ၂၅x၂၆ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်စိန်စိန်ရီ(ခ)ဆိုင်ပုံ၊ ဒေါ်သန်းရီတို့၏ (SP ရရှိသူ ဒေါ်သီတာမိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၅၀/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သန့်သဇင် ၉/အမဇ(နိုင်)၀၄၃၃၂၆က အမှုတွဲအမှတ် ၀၇၄၂/ဘ(ခွဲ၊ ပြောင်း)၊ ၂၀၂၃-၂၀၂၄ဖြင့် ဘိုးဘ၊ ဦးပိုင်းခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၁၀၊ ဦးပိုင်အမှတ် (၁၅)၊ ၆၂x၆၃လမ်း၊ ဇော်ဂျီxကုသိုလ်တော် လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မီမီစံ ၅/ဆလက(နိုင်) ၀၀၀၁၂၄၏ (SP ရရှိသူ ဦးကျော်မျိုးထွန်း)က အမှုတွဲအမှတ် ၆၈၀၃/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ခွာညို (၁)လမ်း၊ အမှတ်-၂၁၇နေ မခိုင်သဇင် ၁၂/ဥကမ(နိုင်)၂၀၇၇၁၉၊ ကိုရှင်းလွင်သန့် ၁၂/ဥကမ (နိုင်)၂၄၅၂၀၇တို့၏ ဥပဒေဆိုင်ရာ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာ အပ်သည်မှာ-

ကျွန်ုပ်တို့အမှုသည်များ တရားဝင်အသုံးပြုသော Facebook Account များဖြစ်သည့် Hlwar Pwint Thazin, Qiu Die(Moon), KT Green, Shin Lwin Thant, Facebook Page များ၊ Tiktok Account, Youtube Channel များနှင့် ကိုင်ဆောင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းနံပါတ်များအား ဆက်သွယ်ရေး အော်ပရေတာမှသော်လည်းကောင်း၊ လူမှုကွန်ယက်အမျိုးမျိုးကို အသုံးပြု၍သော် လည်းကောင်း ကျွန်ုပ်တို့ အမှုသည်များ ဂုဏ်သရေကျဆင်းစေရန်၊ အကျိုးစီးပွား ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မှန်ကန်မှုမရှိသောစကားရပ်များ ရေးသားဖော်ပြ၍ ဆက်သွယ်ရေးကွန်ယက်အသီးသီးပေါ်တွင် ပြုမူဆောင်ရွက် နေကြောင်း တွေ့မြင်သိရှိနေရပါသည်။

ထိုပြုမူဆောင်ရွက်မှုများကြောင့် ကျွန်ုပ်တို့အမှုသည်များ ကိုယ်စိတ်ဂုဏ်သရေ ထိခိုက်နစ်နာ စေရုံမျှမက ကျွန်ုပ်တို့အမှုသည်များ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၏ ကောင်းသော ဂုဏ်သတင်း(Good Will)ကျဆင်းစေပါသည်။ အီလက်ထရောနစ်နည်းပညာနှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြု၍ လူမှုကွန်ယက်များပေါ်တွင် အများပြည်သူ အထင်အမြင်လွဲမှားစေရန် ပြုမူဆောင်ရွက်ချက်များသည် တရားဥပဒေနှင့် ဆန့်ကျင်နေသော ဆောင်ရွက်မှုများဖြစ်သဖြင့် အဆိုပါပြုလုပ်ခြင်းများ၊ ပြုလုပ်ထားပါက ချက်ချင်းရပ်တန့်ပါရန် တင်းကြပ်စွာ အသိပေးတားမြစ်အပ်ပါသည်။

ဆက်လက်၍ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး နစ်နာကြေးလျော်ကြေးများ တောင်းဆိုခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အများပြည်သူတို့သိရှိစေရန် သတိပေး ကြေညာ လိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်ဇော်** — **ဒေါ်အိအိဖြူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၃၅)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၈၀)**
**B. Sc, PGDL, HGP, WIPO (Switzerland) LL, B, DLP, WIPO (Switzerland)**
**အမှတ် (၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၆၁၇၁၉၁၄၊ ၀၉-၇၈၇၁၉၂၂၃၁**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စုကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ်(၁၄၆)မြေဧရိယာ(၁.၄၀)ဧကထဲမှ အကွက်အမှတ်(C)အကျယ်အဝန်းအရှေ့(၄၀)ပေ၊အနောက် (၄၀)ပေ၊ တောင်(၆၆)ပေ၊ မြောက်(၆၆)ပေ(လက်ရှိမြေပေါ်ရှိအတိုင်းအတာ)နှင့် မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး တို့ကို ဒေါ်ခင်သန္တာကြွယ်(၈/မဘန(နိုင်)၁၃၃၄၃၀) ထံမှ ဦးကောင်းထက်ဇော် ၁၂/မရက(နိုင်)၁၃၂၁၁၂က (အရပ်ကတိစာချုပ်) ဖြင့် ငွေအကြေပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍(၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကောင်းထက်ဇော်**
**၁၂/မရက(နိုင်)၁၃၂၁၁၂**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေမျိုးဇော် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး (၁)၊ ယူဂိုစလပ်**
**ပြင်ဦးလွင်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၀၀-၅၊ ဦးပိုင်အမှတ် (၇၂)၊ ၄၇x၄၈ လမ်း၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးလီကွမ်းရောင်(ခ)အောင်ထွန်း၏ (SP ရရှိသူ ဒေါ်နန်းယဉ်ယဉ်ဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၄၆၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကျန်ဝင်းမေ ၁၃/လကန(နိုင်) ၀၀၅၆၇၈က အမှုတွဲအမှတ် ၆၈၁၅/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ်၅၁၄/၄၊ ဦးပိုင်အမှတ် (၂၀၅)/၅၈လမ်း၊ ၂၆x၂၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအိုက်ယီ ၁၃/နခန(နိုင်)၀၃၃၆၉၉၏(GPရရှိသူ ဦးအိုက်စိုင်း)က အမှုတွဲအမှတ် ၆၇၉၃/၂၀၂၃-၂၀၂၄ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ရပ်ကွက်၊ အကွက်အမှတ် ဈ-၇၊ ဦးပိုင်အမှတ် (၁၀-က)/လမ်း ၆၀၊၁၀၈x ၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဟုန်ဖာပန် ၁၃/လရန(နိုင်)၀၈၅၀၆၂က အမှုတွဲအမှတ် ၆၇၉၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တောင်ငူမြို့နယ်တရားရုံးတော်၌
## ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၇၈

ဒေါ်ကျင်သန်း နှင့် (၁) ဦးကျော်ဆန်း ((၁)တရားပြိုင်ကိုယ်တိုင်နှင့် အမှတ်(၃) (၄)(၅) (၆) (၇)တရားပြိုင်တို့၏ အထွေထွေကိုယ်စားလှယ်စာရသူ)
(၂) ဒေါ်ဝင်းဝင်းမော်
(၃)ဒေါ် စန်းလှ
(၄) ဒေါ်တင်တင်
(၅) မနွယ်နွယ်စိုး
(၆) မောင်စိုးသူအောင်
(၇) မောင်လှိုင်မျိုး
(၈) ဦးကြွက်ပု(ခ)ဦးသန်းဝင်း

တရားလို တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ နတ်စင်ကုန်းကျေးရွာနေ ဦးကြွက်ပု(ခ)ဦးသန်းဝင်း(ဘ)ဦးမြင့်ဆွေ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ကျင်သန်းက “အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု” စွဲဆို လျှောက်ထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်(၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန္တာမျိုးထွန်း)**
**တွံ့ဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ငူမြို့နယ်တရားရုံး**

## နိုင်ငံကူးလက်မှတ် ပျောက်ဆုံး

ဦးနီစမ်း၏သား ဦးမြတ်သူ ၁၄/ပသရ(နိုင်)၀၉၇၁၆၈ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၃၂၄၆၅၄**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ မမြတ်နိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးဖုန်းကျော် ၁၀/ရသတ(နိုင်)၀၆၂၂၈၁ ဖြစ်ပါကြောင်း။

**ဦးဖုန်းကျော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မှော်တောင်ရပ်ကွက်၊ အကွက်အမှတ် (၄၀၆)၊ ဦးပိုင်အမှတ် (၁၇၇-တ)၊ ကန်ပတ်လမ်းပေါ်၊ ကန်တော်ကြီးဝင်လမ်း မြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းညိုညိုမြ၏ (SP ရရှိသူ ဦးထင်ကျော်လင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၂၆၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ငြိမ်းငြိမ်းတင့်ဆန်း ၁၂/သကတ(နိုင်)၁၅၃၇၇၉၏ (GP ရရှိသူ၏ ဒေါ်သီရိထွန်း)က အမှုတွဲအမှတ် ၆၈၁၇/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ၊ ဦးပိုင်အမှတ် (၃၉)၊ ၅၄x၅၅ လမ်း၊ ၁၀၀x၁၀၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဘီရ်ချမ်း(ခ)ခင်မောင်သန်း၏ ((SP ရရှိသူ ဦးမျိုးသန့်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၁၁၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခင်စန်းရီ ၅/ဟမလ(နိုင်)၀၆၁၈၆၅က အမှုတွဲအမှတ် ၆၇၉၁/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၇၉၄၊ ဦးပိုင်အမှတ် (၃၇)/၂၄x၂၅လမ်း၊ ၆၃x၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မျိုးစန္ဒာကျော် ၇/ပတန(နိုင်)၀၈၃၉၈၄က အမှုတွဲအမှတ် ၆၇၈၇/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ မကျီးပင် အထက Grade(10)မှ (ဘ)ဦးမောင်ဆန်း၏ သမီး မယွန်းနဒီဦး၏ အမည်မှန်မှာ မယွန်း နဒီဝေ ၉/တကန(နိုင်)၂၆၄၂၀၄ ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် ဘ-၃၊ ဦးပိုင်အမှတ် (၁၄-က)၊ ၅၈x၅၉ ကြား၊ ရန်ပြေလမ်းနှင့် ဗညားဒလလမ်းကြားရှိ ဒေါ်ကြည်ကြည်အေး အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၅၉/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးမင်းဇော်ဟိန်း ၉/မရမ (နိုင်)၀၈၀၇၇၀၊ ဒေါ်နေကြာမျိုးသိန်း ၉/ခအဇ(နိုင်) ၀၁၆၃၃၀၊ ဦးဇေယျာမျိုးသိန်း ၉/ခအဇ(နိုင်)၀၅၀၈၈၉တို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၂၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင့်တင့်ဆွေ ၉/ခမစ (နိုင်)၀၀၈၇၁၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ် ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် ဘ-၃၊ဦးပိုင်အမှတ် (၃-ခ)/ ၅၈X၅၉ ကြား၊ ရန်ပြေလမ်းနှင့် ဗညားဒလလမ်းကြားရှိ ဒေါ်ကြည်ကြည်အေး အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၆၀/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးမင်းဇော်ဟိန်း ၉/မရမ (နိုင်)၀၈၀၇၇၀၊ ဒေါ်နေကြာမျိုးသိန်း ၉/ ခအဇ(နိုင်) ၀၁၆၃၃၀၊ ဦးဇေယျာမျိုးသိန်း ၉/ခအဇ(နိုင်) ၀၅၀၈၈၉ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၂၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင့်တင့်ဆွေ ၉/ခမစ(နိုင်)၀၀၈၇၁၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် ဘ-၃၊ ဦးပိုင်အမှတ် (၃-က)၊ ၅၈x၅၉ ကြား၊ ရန်ပြေလမ်းနှင့် ဗညားဒလလမ်းကြားရှိ ဒေါ်ကြည်ကြည်အေး အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၅၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးမင်းဇော်ဟိန်း ၉/မရမ (နိုင်)၀၈၀၇၇၀၊ ဒေါ်နေကြာမျိုးသိန်း ၉/ခအဇ(နိုင်) ၀၁၆၃၃၀၊ ဦးဇေယျာမျိုးသိန်း ၉/ခအဇ(နိုင်)၀၅၀၈၈၉တို့၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၂၅/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်တင့်တင့်ဆွေ ၉/ခမစ(နိုင်) ၀၀၈၇၁၇က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

မကွေးမြို့၊ အောင်စေတနာ(A)အုပ်စု၊ (၁) လမ်းနေ (ဘ)ဦးခင်မောင်သိန်း၏သား ကျွန်တော် မောင်မင်းသက်နိုင် ၈/မကန(နိုင်) ၁၁၀၄၀၈ ၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ် (MF-057777)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၄၂၁၇၉၄၀၀၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ်(၆/သံဒင်း)၊ စစ်တောင်းလမ်းသွယ်၊ မြေကွက်အမှတ်(၁၀၇၉)ဟု ခေါ်တွင်သော အလျား(ပေ ၄၀ x အနံ ပေ ၆၀) အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးစောသာရှိုး (၁၄/ဒဒရ(နိုင်)၀၉၁၆၉၀)ထံမှ ကျွန်ုပ်ကိုယ်တိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်ယမင်းထွန်း (L.L.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၆၀-က)၊ ပတ္တမြားလမ်း၊ (၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၄၄၁၆၄၁၁၅၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဦးအောင်ကျော်သိန်း၊ ဒေါ်ဦးတင်နုတို့က စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ အကွက်အမှတ်(၂၇)၊ ကျောင်းတက်လမ်းအကွက်၊ ဦးပိုင်အမှတ်(၃-ဃ)၊ ဧရိယာ (၀.၀၄၁) ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဇောသန်းထံမှ ဦးအောင်ကျော်သိန်း၊ ဒေါ်ဦးတင်နုတို့က စစ်တွေမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏၊ စာချုပ်အမှတ်-၁၈၂/၂၀၂၃ အရ အိမ်ရာမြေနှင့်နေအိမ် အဆောက်အအုံ အပြီးအပိုင်အရောင်း အဝယ်စာချုပ်ဖြင့် ဝယ်ယူထားရှိပြီး ၎င်းတို့အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောသက်သေအထောက်အထားများဖြင့် စစ်တွေမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**စစ်တွေမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်မင်းယဉ်ကျော်(ဘ)ဦးတင့်လွင် (၉/မရတ (နိုင်)၁၀၇၀၅၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေအား လူကြီးမင်း၏ နှစ်(၃၀)ဂရန်အမည်ပေါက် မြေကွက်ဖြစ်သော မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (၁၉)၊ ဦးပိုင် (၃-က)၊ ဧရိယာ(၀.၀၂၇၅)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၈-၇-၂၀၀၃) ရက်က တန်ဖိုးငွေကျပ်သိန်း (၃၀) ဖြင့် ရောင်းချခဲ့၍ ကျွန်ုပ်မိတ်ဆွေမှ လက်ဝယ်ရရှိပိုင်ဆိုင်ခဲ့ပါသည်။

ယခုအခါ အထက်ပါမြေကွက်အား ကျွန်ုပ်မိတ်ဆွေအမည်ဖြင့် ဂရန်အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်လာပါသဖြင့် ထိုသို့ဆောင်ရွက်ရန် ယင်းမြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို မန္တလေးမြို့၊ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ချုပ်ဆိုပေးပါရန်နှင့် ထိုသို့ဆောင်ရွက်ပေးခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးငြိမ်းချမ်းရွှေ ( LL.B ) အထက်တန်းရှေ့နေ စဉ်-၅၁၃၇၆**
**၃၉လမ်း၊ ၈၀x၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း-၀၉-၂၅၉၀၂၂၉၀၈၊ ၀၉-၇၈၇၅၂၄၈၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၄၉၊ဦးပိုင်အမှတ် (၇၆)/၅၁လမ်း၊ ၁၃၅.A လမ်း ထောင့်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒုတိယဗိုလ်မှူးကြီးစိုးသိန်း ၇/ပမန(နိုင်)၀၀၄၈၇၃ ၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၂၂၉၇/၂၀၀၆)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အေးအေးကြည် ၉/မနမ(နိုင်)၀၄၄၆၇၄ က ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် RKE/2859, Honda Taranis, M/C အား စစ်တွေမြို့၊ သဲချောင်းရပ်ကွက်နေ နူရုလာမိန် ၁၁/စတန(ပြု) ၀၀၃၆၀၉မှ ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

## ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 11U/9291, Bajaj-200, Three Wheel အား စစ်တွေမြို့၊ မကျည်းမြိုင်ရပ်ကွက်နေ ဦးညိုမောင် ၁၁/စတန(နိုင်) ၀၇၄၃၇၂မှ ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး (စစ်တွေ)သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး (စစ်တွေ)**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်နေသူ ဦးထွန်းထွန်းဝင်း (ဘ) ဦးမြသိန်း ၉/အမရ(နိုင်) ၁၄၀၅၇၄ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်-

**စာချုပ်အမှတ် (၀၁၈ /၂၀၂၄)**

ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းဝင်းသည် အထက်ဖော်ပြပါ " TUN TYRE & BATTERY " တံဆိပ်ကို တစ်ဦး တည်း မူပိုင်အမှတ်တံဆိပ်အဖြစ် ပျဉ်းမနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ် အမှတ်-(၀၁၈/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် "တာယာနှင့် ကားဘက်ထရီအရောင်းဆိုင်" ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းထွန်းဝင်းပိုင် အဆိုပါလုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားသူတစ်ဦးတစ်ယောက်မှလည်းကောင်း၊ အခြားအသင်းအဖွဲ့/ အဖွဲ့အစည်းများမှလည်းကောင်း၊ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေသွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပမှုများမပြုလုပ်ကြရန်နှင့် ပြုလုပ်ကြောင်းတွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

